

# ဝေဟင်မှ ခြိမ်းခြောက်မှု အသစ်များ

၂၀၂၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် ဧပြီလအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စကစ) တပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ။



ဇွန်လ ၂၀၂၂ တွင် ထုတ်သည်။

# မာတိကာ


အကျဉ်းချုပ် ၃

အရပ်ဘက် နယ်မြေများအပေါ် လေကြောင်းတိုက်ခိုက်မှုများ ၆

အရပ်ဘက် နယ်မြေများအပေါ် လက်နက်ကြီး ပစ်ခတ်မှုများ ၉

ပစ်မှတ်မထားပဲ အရပ်သားများကို ရမ်းသမ်း ပစ်ခတ်မှုများ ၁၂

ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ အရပ်သားများအား
အဓမ္မလုပ်အားခိုင်းစေခြင်းနှင့် လူသားဒိုင်း အဖြစ် အသုံးပြုခြင်း ၁၄

ကွတ်ခိုင်တွင် မြန်မာ စစ်သားမှ မုဒိမ်းကျင့်ရန် ကြိုးပမ်းခြင်း ၁၅

အိုးအိမ်စွန့်ခွာ ထွက်ပြေးမှု အသစ်များ ၁၈

နိဂုံးချုပ်နှင့် အကြံပြုချက်များ ၂၁

နောက်ဆက်တွဲများ ၂၂

၁။ အရပ်ဘက် နယ်မြေများအပေါ် စကစ လေကြောင်းတိုက်ခိုက်မှု အသေးစိတ် စာရင်းများ ၂၂

၂၊ အရပ်ဘက် နယ်မြေများအပေါ် စကစ လက်နက်ကြီး ပစ်ခတ်မှု အသေးစိတ် စာရင်းများ ၂၃

၃။ စကစ တပ်ဖွဲ့များက ပစ်မှတ်မထားပဲ အရပ်သားများကို ရမ်းသမ်း ပစ်ခတ်မှု
အသေးစိတ် စာရင်းများ ၂၆

၄။ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ အရပ်သားများအား အဓမ္မလုပ်အားနှင့်
လူသားဒိုင်း အဖြစ် အသုံးပြုခြင်း အသေးစိတ် စာရင်းများ ၂၉

၅။ ကွတ်ခိုင်တွင် မြန်မာ စစ်သားမှ မုဒိမ်းကျင့်ရန် ကြိုးပမ်းခြင်း အသေးစိတ်
အချက်အလက်များ ၃၂

## အကျဉ်းချုပ်

| ၂၀၂၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် ဧပြီလအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် စကစ တပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ | ဖြစ်ရပ် အရေအတွက် | အရပ်သား ထိခိုက်မှု အရေအတွက် |
|---|---|---|
| အရပ်ဘက် နယ်မြေများတွင် လေကြောင်း တိုက်ခိုက်မှုများ | ၅ | ၂ ဦးသေ၊ ၁၅ ဦး ဒဏ်ရာရ |
| အရပ်ဘက် နယ်မြေများတွင် လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ | ၁၃ | ၈ ဦးသေ၊ ၂၀ ဦး ဒဏ်ရာရ |
| ပစ်မှတ်မထားပဲ အရပ်သားများအပေါ် ရမ်းသမ်း ပစ်ခတ်ခြင်း | ၁၃ | ၁၁ ဦးသေ၊ ၇ ဦး ဒဏ်ရာရ |
| ဥပဒေမဲ့ ဖမ်းဆီးခြင်း | ၁၄ | ၂၃ |
| ရွာသားများကို လူသားဒိုင်း အဖြစ် သို့မဟုတ် အဓမ္မ လုပ်အား ခိုင်းစေ အသုံးပြုခြင်း | ၅ | ၃၄ |
| နေရာရွှေ့ပြောင်းမှု အသစ်များ | | ၅၇၃၇ |

ဤအစီရင်ခံစာသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ (စကစ) တပ်ဖွဲ့များက ၂၀၂၁ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည်။ အသေးစိတ် မြေပုံများတွင် အရပ်သား နယ်မြေများသို့ ပစ်မှတ်သတ်သတ်မှတ်မှတ်မရှိပဲ ရမ်းသမ်း ပစ်ခတ်ခြင်းနှင့် လက်နက်ကြီးများ ပစ်ခတ်ခြင်းများသာမက လူဦးရေ ထူထပ်သော ရွာများအပေါ် လူသေစေလောက်သော လေကြောင်းတိုက်ခိုက်မှုအသစ် ဖြစ်နေသည်ကိုပြသနေသည်။ ယင်းသည် စစ်အုပ်စုက ကျူးလွန်သော စစ်ရာဇဝတ်မှုများအတွက် နောက်ထပ် အထောက်အထားများလည်း ဖြစ်သည်။

အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုများသည် ကချင်ပြည်နယ်အတွင်းသို့ ထောက်ပံ့ရေး လမ်းကြောင်းဖြစ်သည့် ဧရာဝတီမြစ်တလျှောက်၊ ကချင်ပြည်နယ် မြောက်ပိုင်း ပူတာအိုသို့ ဆက်သွယ်ထားသော ကားလမ်းမပေါ်၊ နှင့် ဖားကန့် ကျောက်စိမ်းတွင်း ဧရိယာမှ အရှေ့ဘက်သို့ ထွက်သော လမ်းမကြီးပေါ် စသဖြင့် ဗျူဟာမြောက် အရေးကြီး နေရာများ ဆုံးရှုံးမှုအတွက် တိုက်ရိုက် လက်စားခြေပုံရသည်။ ထိုနေရာများတွင် လေကြောင်းတိုက်ခိုက်မှု ငါးကြိမ်အတွင်း ရွာသား နှစ်ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ဆယ့်သုံးဦးတွင် ကလေး ခြောက်ဦးအပါအဝင်ဖြစ်သည်။

မြေပြင်ပေါ်တွင် နာမည်ဆိုးဖြင့် ကျော်ကြားသော စစ်ကောင်စီ တိုက်ခိုက်ရေးတပ် တပ်မ ၃၃၊ ၈၈ နှင့် ၉၉ တပ်ဖွဲ့များသည် မြို့များအပါအဝင် အရပ်သား နယ်မြေများပေါ်သို့ လက်နက်ကြီးများကို တိုက်ရိုက် ပစ်ခတ်ခဲ့သည်။ လွန်ခဲ့သည့် ခြောက်လ အတွင်း လက်နက်ကြီး ပစ်ခတ်မှု ၁၃ ကြိမ်တွင် ရွာသား ၈ ယောက်သေဆုံးပြီး ကလေးခြောက်ယောက် အပါအဝင် နှစ်ဆယ်ယောက် ဒဏ်ရာရခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုများမှာ တိုက်ပွဲဖြစ်ပွားနေချိန်များတွင်သာ မက တိုက်ပွဲ ဖြစ်ပွားပြီးနောက်တွင်လည်း ပစ်ခတ်ခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် တပ်မ ၉၉ တပ်ဖွဲ့သည်

လားရှိုးမြို့အရှေ့ဘက် မိုင်းယော် အနီး ရွာတရွာကို လက်နက်ကြီးဖြင့် တိုက်ရိုက်ပစ်ခတ်ခဲ့ရာ အမျိုးသမီး သုံးဦးနှင့် မိန်းကလေးငယ် တစ်ဦး သေဆုံးခဲ့သည်။ တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့သော အခြားရွာသား (၄)ဦးလည်း တိုက်ပွဲဖြစ်ပြီး (၄)ရက်အကြာ အိမ်အပြန်လမ်းတွင် လက်နက်ကြီးပစ်ခတ်ခံရသောကြောင့် ဒဏ်ရာရခဲ့သည်။

စကစ တပ်ဖွဲ့များ၏ ပစ်မှတ်မထားပဲ ရမ်းသမ်းပစ်ခတ်မှု ဆယ်သုံးကြိမ်တွင် အရပ်သား ဆယ့်တစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရသည်ကို ဤအစီရင်ခံစာ၌ မှတ်တမ်းတင်နိုင်ခဲ့သည်။ အားလုံးမှာ သူတို့၏ နေ့စဉ်လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး လုပ်ခြင်း၊ ရောင်းဝယ်ခြင်းများပြုလုပ်ကြသည်။ ထိုထဲတွင် ဖေဖော်ဝါရီ ၁ ရက်က မြစ်ကြီးနားတွင် မြို့အတွင်း ပုံးပေါက်ကွဲပြီးနောက် စစ်သားများက အရပ်သား နေအိမ်များကို ရမ်းသမ်းပစ်ခတ်သည့်အခါ အိပ်ရာပေါ်တွင် ရှိနေသော အသက် ၇ နှစ်အရွယ် ကလေးတစ်ဦး သေဆုံးမှုလည်း အပါအဝင် ဖြစ်သည်။

အများစုမှာ တော်လှန်ရေး အဖွဲ့အစည်းများနှင့် ဆက်စပ်မှု ရှိသည်ဟု စွပ်စွဲချက်ဖြင့် လူပေါင်း နှစ်ဆယ့်သုံးဦး ဥပဒေမဲ့ ဖမ်းဆီးခြင်းခံထားရသည်။ ယင်းတို့အနက် နိုဝင်ဘာ ၂၈ ရက်နေ့က မြစ်ကြီးနားအနီး သူတို့၏ အိမ်များမှ ဖမ်းဆီးခြင်းခံခဲ့ရသော အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦး အပါအဝင် ခုနစ်ဦးမှာ ပြင်းပြင်းထန်ထန် နှိပ်စက်ခံထားရသည်။ ဖမ်းဆီးပြီးနောက် သူတို့ကို တပ်ရင်း ၃၇ အခြေစိုက်စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုနေရာတွင် ထိုသူများကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ PDF သို့မဟုတ် ကချင် လွတ်လပ်ရေး တပ်မတော် KIA အဖွဲ့ဝင်များ ဖြစ်ကြောင်း သေနတ်များ ဒုတ်များဖြင့် ရိုက်နှက်၍ အတင်းအကြပ် ဝန်ခံခိုင်းခဲ့သည်။


အမျိုးသမီးများ အပါအဝင် ရွာသားများအား စစ်ကောင်စီ တပ်ဖွဲ့များက ဖမ်းဆီးသည့် ဖြစ်ရပ်များလည်း လေးခုရှိသည်။ ထိုသူများမှာ ကချင်ပြည်နယ် မိုးမောက်၊ ဖားကန့်နှင့် ရှမ်းမြောက် နမ္မတူ နယ်မြေများတွင် လူသားဒိုင်းအဖြစ် စစ်သားများကြားမှ လမ်းလျှောက်စေခဲ့သည်။

ဧပြီလတွင် ကွတ်ခိုင်တွင် စကစ စစ်သားတစ်ဦးမှ မုဒိမ်းကျင့်ရန် ကြိုးပမ်းခဲ့မှု တစ်ခုကို မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း အသက် ၆၂ နှစ်အရွယ် အမျိုးသမီး တစ်ဦးကို တပ်ရင်း တစ်ခုထဲမှ စကစ စစ်သားတစ်ဦးက မုဒိမ်းကျင့်ခဲ့သည့် နေရာနှင့် ကီလိုမီတာ အနည်းငယ်သာကွာဝေးသည်။ ဖြစ်ရပ်မှာ စကစ စစ်တပ်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် အပြစ်ပေး အရေးယူ ခံရခြင်းများမှ ကင်းလွတ်ခွင့်ရမည်ကို ဆက်လက် ယုံကြည်ဆဲ ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း ပြသနေသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း မူစယ်၊ လားရှိုးနှင့် နမ္မတူ မြို့နယ် များမှ ရွာသား ၅၇၀၀ ကျော်သည် တိုက်ပွဲများနှင့် စကစ နှိပ်စက်ညှင်းပမ်းမှုများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည့် စစ်ရှောင် ဒုက္ခသည် အသစ်များ ဖြစ်ကြသည်။ ပြည်တွင်းအိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်များတွင် အချို့မှာဖြစ်နိုင်ပါက တိုက်ပွဲများ ငြိမ်သက်သွားသောအခါ ကအိမ်ပြန်ကြသော်လည်း အချို့နေရာများတွင် စစ်ရှောင်ပြေးဒုက္ခသည်များအဖြစ် ဆက်လက်ရှိနေရသည်။ အဓိကအားဖြင့် မုံးကိုး အနီးတဝိုက်တွင် ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် နေရပ်မပြန်နိုင်ဘဲ စစ်ရှောင်စခန်းတွင် ရှိနေဆဲ ဖြစ်သည်။

KWAT သည် စစ်အုပ်စု၏ ရက်စက် ကြမ်းကြုတ်သော လုပ်ရပ်များ ရပ်တန့်စေရန်နှင့် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အောက်တွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရ တစ်ရပ်ကို အာဏာလွှဲပြောင်းပေးနိုင်ရန် အတွက် ၎င်းတို့အပေါ် သံတမန်ရေးနှင့် စီးပွားရေး ဖိအားများကို တိုးမြှင့်ရန် ထပ်မံ တောင်းဆိုလိုက်သည်။

# မြန်မာနိုင်ငံမြောက်ပိုင်းတွင်မြန်မာစစ်တပ်၏လူ့အခွင့်အရေးချိုးဖောက်သည့်နေရာပြမြေပုံ(၂၀၁၁ခုနှစ် နိုဝင်ဘာလ မှ ၂၀၁၂ခုနှစ် ဧပြီလ)



## အရပ်ဘက် နယ်မြေများအပေါ် လေကြောင်းတိုက်ခိုက်မှုများ


| ရက်စွဲ | တည်နေရာ | အသေးစိတ်အချက်အလက်များ | အရပ်သား ထိခိုက် သေဆုံးမှု |
|---|---|---|---|
| ၂၀၂၂ ဇန်နဝါရီ ၁၂ | စစ်ကိုင်းတိုင်း၊ ကသာ၊ မိုးဒါးကြီး ရွာ | တိုက်ခိုက်ရေး ဂျက်လေယာဉ် ၂ စီးက ဒုံးကျည် ၁၂ လုံး ပစ်ခတ် | လူ ၄ ဦး ဒဏ်ရာရ |
| ၂၀၂၂ ဇန်နဝါရီ ၁၈ | စစ်ကိုင်းတိုင်း၊ ကသာ၊ မှတ်တိုင်ရွာ | တိုက်ခိုက်ရေး ဂျက်လေယာဉ် ၂ စီးက ဒုံးကျည်များ ပစ်ခတ် | လူ ၂ ဦး ဒဏ်ရာရ |
| ၂၀၂၂ ဖေဖော်ဝါရီ ၃ | ဆွမ်ပီယန်ရွာ၊ ပူတာအို | တိုက်ခိုက်ရေး ဂျက်လေယာဉ် ၂ စီးက ဗုံး ၁၀ လုံးကြဲ | လူ ၅ ဦး ဒဏ်ရာရ |
| ၂၀၂၂ ဖေဖော်ဝါရီ ၄ | ဂေါ့လူယန်၊ ခိုင်ရွှန်း ရွာ (သို့) တံတားညီနောင်၊ ဖားကန့်။ | တိုက်ခိုက်ရေး ဂျက်လေယာဉ် ၂ စီးက ဗုံးများကြဲ | |
| ၂၀၂၂ ဖေဖော်ဝါရီ ၅ | ကပ်မော်ဖွပ်ရွာ၊ ဖားကန့် | တိုက်ခိုက်ရေး ဂျက်လေယာဉ် ၂ စီးက ဗုံးများကြဲ | ၂ ဦးသေ၊ ၄ ဦး ဒဏ်ရာရ |
| | **စုစုပေါင်း** | | **၂ ဦးသေ၊ ၁၅ ဦး ဒဏ်ရာရ** |

၂၀၂၂ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း ကသာမြို့နယ်တို့တွင် လူထူထပ်သော ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှု ငါးကြိမ် တိုက်ခိုက်ခဲ့သည်။ ဤကျေးရွာများမှာ စစ်အုပ်စုက တိုက်ပွဲများ ရှုံးနိမ့်ခဲ့သည့် ဗျူဟာမြောက် အရေးကြီးသော ဧရိယာများတွင် တည်ရှိကြသည်။ လေကြောင်းတိုက်ခိုက်မှု လုပ်စဉ်အတွင်း ပစ်မှတ် ကျေးရွာများတွင် တိုက်ပွဲများ ဖြစ်ပွားနေခြင်း မရှိသည့်အတွက် ဗုံးကြဲတိုက်ခိုက်မှုများသည် နောက်ထပ် ခုခံ တော်လှန် တိုက်ခိုက်မှုများကို မဖြစ်ပွားစေရန် ရည်ရွယ်သည့် အပြစ်ပေးအရေးယူမှုအဖြစ် လုပ်ဆောင်သည်မှာ ရှင်းလင်းလှပေသည်။

လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်မှာ ဇန်နဝါရီလအတွင်းတွင် ဧရာဝတီမြစ်အနီး ကချင်ပြည်နယ် နယ်နမိတ်မှ ၁၀ ကီလိုမီတာခန့်အကွာ ကသာမြို့နယ် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်။ ဧရာဝတီမြစ်သည် မြန်မာပြည် အလယ်ပိုင်းမှ ကချင်ပြည်နယ်သို့ စစ်ဘက်ဆိုင်ရာ ပစ္စည်း ကိရိယာများ ပို့ဆောင်ရန် စစ်အုပ်စုအတွက် အရေးပါသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်း ဖြစ်ပြီး ပို့ဆောင်မှုများမှာ ကချင်လွတ်လပ်ရေး တပ်မတော် KIA နှင့် ဒေသတွင်းရှိ လူထု ကာကွယ်ရေး တပ်ဖွဲ့ PDF များ၏ တိုက်ခိုက်ခြင်းကို မကြာခဏ တိုက်ခိုက်ခြင်းကိုလည်း ခံနေရသည်။ ဇန်နဝါရီလ

၁၂ ရက်တွင် ဂျက် တိုက်လေယာဉ် နှစ်စီးဖြင့် မိုးဒါးကြီးရွာကို ဒုံးကျည် ၁၂ ခု ဖြင့် တိုက်ရိုက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကလေး ငါးဦး အပါအဝင် ရွာသား ၆ ဦး ဒဏ်ရာရခဲ့သည်။ ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ဂျက်တိုက်လေယာဉ်နှစ်စီးနှင့် မှတ်တိုင်ရွာအနီးသို့ လာရောက်ပြီး ဒုံးကျည်များဖြင့် ပစ်ခတ်ရာ လူတစ်ဦးနှင့် ကလေးတစ်ဦးကို ဒဏ်ရာရစေခဲ့သည်။

မြန်မာစစ်တပ်မှ ကသာမြို့နယ်၊ မိုးဒါးကြီးရွာနှင့် မှတ်တိုင်ရွာသို့ လေကြောင်းဖြင့်တိုက်ခိုက်ခြင်း(၂၀၂၂ခုနှစ် ဇန်နဝါရီလ ၁၂–၁၈ ရက်)




ထိုရက် နှစ်ရက်စလုံးတွင် မြေပြင်၌ တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်း မရှိပါ။
ဖေဖော်ဝါရီလ ၃ ရက်တွင် ဂျက်တိုက်လေယာဉ် နှစ်စီးဖြင့် မြစ်ကြီးနား လမ်းမပေါ် ပူတာအိုတောင်ဖက် ၃၅ မိုင်အကွာတွင်ရှိသော ဆွမ်ပီယန် ကျေးရွာကို တိုက်ခိုက်ခဲ့သည်။ ဗုံး ၁၀ လုံး ကြဲချခဲ့ရာ အိမ်အများအပြား ပျက်စီးခဲ့ပြီး အမျိုးသမီး နှစ်ဦးနှင့် ကလေး နှစ်ဦး အပါအဝင် ရွာသား ငါးဦးကို ဒဏ်ရာရစေခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကို ဆွမ်ပီယန် ရွာအဝင်တွင်ရှိသော စစ်ကောင်စီ လက်အောက်ခံ ပြည်သူ့စစ်စခန်းကို KIA က လာရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီး နှစ်ရက်အကြာတွင် လေကြောင်းတိုက်ခိုက်ခဲ့ခြင်းမှာ KIA ကို ဤမဟာဗျူဟာမြောက် သယ်ယူပို့ဆောင်ရေး သွေးကြောမှ ဆုတ်ခွာစေရန် ရည်ရွယ်ကြောင်း ထင်ရှားသည်။


ဖေဖော်ဝါရီ၄ရက်နှင့်၅ရက်နေ့တို့တွင်ဖေဖော်ဝါရီ၃ရက်နေ့ကဖားကန့်သို့ဖြတ်လမ်းမှသွားသောတပ်မ၃၃တပ်ဖွဲ့များကို KIAနှင့်PDFတပ်ဖွဲ့များကတိုက်ခိုက်ပြီးနောက်ကာမိုင်းနှင့်ဖာကန့်မြို့နယ်များ,အကြားတွင်လေကြောင်းတိုက်ခိုက်မှုများ လုပ်ခဲ့သည်။ တိုက်ပွဲမှာ ရက်အနည်းငယ် ကြာမြင့်ခဲ့ပြီး စကစ တပ်ဖွဲ့များ အသေအပျောက်များခဲ့သည်။ ဖေဖော်ဝါရီ ၄ ရက်တွင် ဂျက်တိုက်လေယာဉ် နှစ်စီးသည် ဂေါ်လူယန် ခိုင်ရွှန်းရွာ(သို့) တံတားညီနောင်နှင့် ခွမ်ဆိုင်ဖွပ် ကျေးရွာများသို့ ဗုံးများလာရောက်ကြဲချရာ အိမ်အချို့ ပျက်စီးခဲ့သော်လည်း ရွာသားများမှာ သူတို့အိမ်များကို စွန့်ခွာထွက်ပြေးခဲ့ပြီ ဖြစ်သောကြောင့် ထိခိုက်မှု မရှိခဲ့ပေ။ သို့ရာတွင် နောက်တရက် ညနေ ၃ နာရီတွင် ဂျက်တိုက်လေယာဉ် နှစ်စီးသည် (တိုက်ပွဲဖြစ်ပွားရာနှင့် မိုင်အတော်ဝေးဝေးတွင်ရှိသော) ကပ်မော်ဇွတ်ရွာ ကို ဗုံးကြဲတိုက်ခိုက်ရာ အသက် ၈၂ နှစ်အရွယ် ရွာသား အမျိုးသား တစ်ဦး နေရာတွင် သေဆုံးခဲ့ပြီး အမျိုးသမီးလေးဦးနှင့် အမျိုးသား တစ်ဦး စုစုပေါင်း ၅ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူများကို မြစ်ကြီးနား ဆေးရုံသို့ ခေါ်ဆောင်သွားကြသော်လည်း လမ်းတလျောက်တွင် စစ်ဆေးရေး ဂိတ်အများအပြားတွင် ရပ်တန့် စစ်ဆေးခဲ့သောကြောင့် ပုံမှန် နာရီဝက်မှ ၄၅ မိနစ်ခရီးကို ည ၁၀ နာရီထိ ဆေးရုံသို့ မရောက်နိုင်ပဲ ရှိခဲ့သည်။ နောက်တရက်တွင် အသက် ၅၂ နှစ်အရွယ် အမျိုးသမီး ရွာသား တစ်ဦး

ခြေထောက်ဖြတ်ကုသနိုင်ခဲ့သော်လည်း ခွဲစိတ်ပြီး နှစ်နာရီ အကြာတွင် သေဆုံးခဲ့သည်။

မြန်မာစစ်တပ်မှ အရပ်သားများနေတည်ရှိရာပူတာအိုမြို့ နယ်၊ ဆွမ်ပီယန်ကျေးရွာသို့ လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည့်မြေပုံ (၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်)




မြန်မာစစ်တပ်မှ ဖားကန့် မြို့ နယ်၊ ပြည်သူများတည်ရှိရာ ကျေးရွာများသို့ လေကြောင်းဖြင့်တိုက်ခိုက်သည့်နေရာပြမြေပုံ(၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၄-၅ ရက်)



# အရပ်ဘက် နယ်မြေများအပေါ် လက်နက်ကြီး ပစ်ခတ်မှုများ

| အချိန်ကာလ | လက်နက်ကြီး ပစ်ခတ်မှု အကြိမ်ရေ | မြို့နယ် (ပစ်ခတ်သည့် အကြိမ်ရေ) | စကစ တပ်ရင်းများ (သိရှိသမျှ) | အရပ်သား သေဆုံးဒဏ်ရာ ရမှုများ |
|---|---|---|---|---|
| ၂၀၂၁ နိဝင်ဘာ- ၂၀၂၂ မေ | ၁၃ | မူဆယ် (၆)၊ မိုးမောက် (၂)၊ ရွှေဂူ (၁)၊ ဖားကန့် (၂)၊ နမ့်ခမ်း (၁)၊ လားရှိုး (၁) | တပ်မ ၃၃၊ တပ်မ ၈၈၊ တပ်မ ၉၉၊ ခမရ ၄၃၇ | ၈ ဦးသေ (ကလေး ၁ ဦးပါ)၊ ၂၀ ဦး ဒဏ်ရာရ (ကလေး ၆ ဦးပါ) |

နာမည်ဆိုးဖြင့် ကျော်ကြားသော တိုက်ခိုက်ရေး ခြေမြန်တပ်မများဖြစ်သော တပ်မ ၃၃၊ ၈၈ နှင့် ၉၉ တို့မှ အဓိကအားပါဝင်သော စကစ တပ်ဖွဲ့များသည် မြို့များ အပါအဝင် အရပ်ဘက် နယ်မြေများကို လက်နက်ကြီးများဖြင့် ဆက်လက် ပစ်ခတ်ခဲ့သည်။ ယင်းမှာပုံမှန်အားဖြင့် တော်လှန်ရေး တပ်ဖွဲ့များကို တိုက်ခိုက်နေသည့် အချိန်များတွင် ဖြစ်လေ့ရှိသော်လည်း တစ်ခါတစ်ရံ တိုက်ပွဲပြီးဆုံးပြီးနောက် သို့မဟုတ် တိုက်ပွဲ လုံးဝ မရှိသည့်အချိန်များတွင်လည်း တိုက်ခိုက်မှု အသစ်များကို ရှောင်လွှဲရန်ဟု ယူဆနိုင်စရာ ပစ်ခတ်မှုများ ရှိသည်။

မြန်မာစစ်တပ်မှ အရပ်သားများတည်ရှိရာ မုံးကိုးမြို့ အနီးသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်သည့်မြေပုံ (၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၀ ရက်)



MNDAA နှင့် စကစ တပ်ဖွဲ့များအကြား ပြင်းထန်သော တိုက်ပွဲများတွင် မူဆယ်၌ အရပ်ဘက် နယ်မြေများအပေါ် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ရပ် ၆ ကြိမ်ဖြစ်ပွားခဲ့သည်။ တပ်မ ၉၉ မှ တပ်ဖွဲ့များက ရွာများကို သာမက မုံးကိုးမြို့က ရပ်ကွက် ၇ ကိုလည်း ပစ်မှတ်တိတိကျကျ သတ်မှတ်ခြင်းမရှိပဲ ရမ်းသမ်း ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးပတ်ခတ်မှုများကြောင့် ကလေးငယ်ချီထားသည့် မိခင်မိန်းကလေးငယ် တစ်ဦး အပါအဝင် ရွာသား နှစ်ဦး သေဆုံးပြီး ကိုယ်ဝန်ဆောင် အမျိုးသမီး နှင့် ၅ နှစ်အရွယ် မိန်းကလေးငယ်တို့ အပါအဝင် လူ ၃ ဦး ဒဏ်ရာရခဲ့သည်။

**မြန်မာစစ်တပ်မှ ပြည်သူများရှိရာနမ့်ခမ်းမြို့ အနီးသို့ လက်နက်ကြီးဖြင့်ပစ်ခတ်သည့်မြေပုံ(၂၀၂၂ခုနှစ် ဇန်နဝါရီလ ၅ ရက်)**




အလားတူပင် KIA နှင့် စကစ တပ်များ ဖားကန့်တွင် တိုက်ပွဲဖြစ်ပွားချိန်အတွင်းတွင် စကစ တပ်ဖွဲ့ တပ်မ ၃၃ က ရွာများအတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်သောကြောင့် ရွာသား နှစ်ဦး သေဆုံးပြီး အသက် ၁၃ နှစ်အရွယ် ယောက်ျားလေး တစ်ဦး အပါအဝင် ခြောက်ဦး ဒဏ်ရာရခဲ့သည်။


သို့ရာတွင် အမှန်တကယ် လူသေဆုံးမှုကို ဖြစ်စေသော လက်နက်ကြီး ပစ်ခတ်မှုမှာ စကစ တပ်များနှင့် ကိုးကန့် MND-AA တပ်ဖွဲ့တို့ အကြား ဖြစ်ပွားသည့် တိုက်ပွဲများ ဆိတ်ငြိမ်သွားပြီး နောက်ပိုင်း လေးရက်အကြာတွင် ဖြစ်ပွားခဲ့သည့် လားရှိုးမြို့ အရှေ့ဘက် မိုင် ၂၀ ခန့်အကွာ မိုင်းယော် နယ်မြေတွင် ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တပ်မ ၉၉ တပ်ဖွဲ့များသည် လုံတပ်ရွာအတွင်းသို့ တိုက်ရိုက် ပစ်ခတ်ခဲ့ရာ အမျိုးသမီး သုံးဦး နှင့် မိန်းကလေး တစ်ဦး သေဆုံးခဲ့ပြီး အခြား ရွာသား လေးယောက် ဒဏ်ရာရရှိခဲ့သည်။ အားလုံးမှာ တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ပြီး ပြန်လာကြသူများဖြစ်သည်။

ဖြစ်ရပ်တစ်ခုတွင် တိုက်ပွဲဖြစ်ပွားမှု လုံးဝ မရှိခဲ့ပဲ စကစ တပ်ဖွဲ့များက အရပ်သား ဇရိယာများကို လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။ ဇန္နဝါရီလ ၅ ရက်နေ့တွင် နမ့်ခမ်းမြို့တွင်းသို့ တအန်းလွတ်မြောက်ရေး တပ်မတော် TNLA များဝင်ရောက်သည်ကို မြင်ရုံဖြင့် တပ်မ ၈၈ က မြို့၏ အမှတ် ၂ ရပ်ကွက် သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ရာ အမျိုးသမီး ၂ ဦးနှင့် ကလေးငယ် ၃ ဦး အပါအဝင် ရွာသား ၆ ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။


မြန်မာစစ်တပ်မှ ပြည်သူများတည်ရှိရာ မိုးကိုးမြို့ အနီးရှိရွာများသို့ လက်နက်ကြီးဖြင့်ပစ်ခတ်သည့်မြေပုံ(၂၀၂၂ခုနှစ် ဇန်နဝါရီလ ၁၂ ရက်)




မြန်မာစစ်တပ်မှလားရှိုးမြို့ နယ်ရှိ ကျေးရွာသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်သည့်မြေပုံ(၂၀၂၂ခုနှစ် ဖေ ဖော်ဝါရီလ ၁၇ ရက်)



မြန်မာစစ်တပ်မှ အရပ်သားများတည်ရှိရာ မူဆယ်မြို့နယ်၊ ကောင်းခါးကျေးရွာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်သည့်မြေပုံ(၂၀၂၂ခုနှစ် ဧပြီလ ၂၇ ရက်)




## ပစ်မှတ်မထားပဲ အရပ်သားများကို ရမ်းသမ်း ပစ်ခတ်မှုများ

| အချိန်ကာလ | လက်နက်ကြီး ပစ်ခတ်မှု အကြိမ်ရေ | မြို့နယ် (ပစ်ခတ်သည့် အကြိမ်ရေ) | စကစ တပ်ရင်းများ (သိရှိသမျှ) | အရပ်သား သေဆုံးဒဏ်ရာရမှုများ |
|---|---|---|---|---|
| ၂၀၂၁ နိုဝင်ဘာ- ၂၀၂၂ ဖေဖော်ဝါရီ | ၁၃ | မူဆယ် (၂)၊ မိုးညှင်း (၂)၊ မိုးမောက် (၃)၊ ဗန်းမော် (၁)၊ မြစ်ကြီးနား (၂)၊ ပူတာအို (၁)၊ ဝိုင်းမော် (၁)၊ ဖားကန့် (၁)။ | တပ်မ ၃၃၊ တပ်မ ၉၉၊ ခလရ ၄၆၊ ခမရ ၄၃၇။ | ၁၁ ဦး သေဆုံး (ကလေး ၁ ဦးပါ) ၇ ဦး ဒဏ်ရာရ။ |

ကချင် အမျိုးသမီးများ အစည်းအရုံး (ထိုင်းနိုင်ငံ) KWAT က ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အတွင်း စကစ စစ်တပ်များက ပစ်မှတ်မရှိပဲ အရပ်သားများအပေါ် ရမ်းသမ်းပစ်ခတ်သည့် ဖြစ်ရပ် ၁၃ ခုကို မှတ်တမ်းတင်ထားရာ အရပ်သား ၁၁ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ကျူးလွန်ခံရသူများအားလုံးမှာ သူတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများဖြစ်သည့် စိုက်ခင်း၊ အရောင်းအဝယ်ကို သွားရောက်စဉ် သို့မဟုတ် အိမ်တွင်းနေစဉ် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ထိုဖြစ်ရပ်များတွင် ရွာသားများမှာ သူတို့၏တောင်ယာ အသွားအပြန် လမ်းများတွင် ပစ်ခတ်ခံကြရသည်။ ဖားကန့်မှ မသန်စွမ်း လယ်သူမားတစ်ဦးမှာ သူ့တောင်ယာကို တပ်မ ၃၃ မှ စစ်သားများ ချဉ်းကပ်လာသည့်အခါ ထွက်ပြေးရန်

ကြိုးစားစဉ် ပစ်သတ်ခံခဲ့ရသည်။ နောက်ထပ် အကြားအာရုံ ချို့တဲ့နေသည့် သက်ကြီးရွယ်အို လယ်သမားတစ်ဦးမှာလည်း မုံးကိုးနားရှိ သူ၏ ပြောင်းခြံမှ အိမ်သို့ ဆိုင်ကယ်စီးပြီး ပြန်လာစဉ် တပ်မ ၉၉ မှ တပ်ဖွဲ့များ၏ ပစ်သတ်ခြင်း ခံရသည်။ သူ၏ အလောင်းမှ အဝတ်အစားများကို PDF ပုံစံ အဝတ်အစားများဖြင့် လဲလှယ်ထားခဲ့သည်။ (လယ်သမား ဘောင်းဘီအစား ဂျင်းဘောင်းဘီ လဲထားသည်)။ သတ်ဖြတ်ရခြင်းအကြောင်းကို ခိုင်လုံအောင် လုပ်ထားသည်မှာ ထင်ရှားသည်။ ဘယ်လို ဖြစ်ခဲ့သည်ကို သူ့သမီးက ခုလို ပြောပြသည်။

*"နိုဝင်ဘာ ၂၁ ရက် တနင်္ဂနွေနေ့ညနေမှာ ကျမရဲ့ အဖေ ဦးလဖိုင်တူးလွမ်အသက် (၅၆)နှစ်သည် မော့တောင်း ရွာကနေ သူ့လယ်တောရှိတဲ့ မာဟန်တောင်သို့သွားလိုက်သည်။ အဲဒီတောင်က ကျမတို့ ရွာနဲ့ ဆို ဆိုင်ကယ်နဲ့ မိနစ် ၃၀ ပဲ သွားရမယ်။ အဲဒီက ပြောင်းခြံကို သွားခဲ့တာ။ ကျွန်မအဖေက နားမကြားဘူး၊ နောက်တနေ့ ညနေ ၄ နာရီမှာ သူက ကျမကို ဖုန်းဆက်ပြီးပြောတယ်။ 'ငါ ယူနီဖောင်းမပါတဲ့ PDF တချို့တွေ့တယ်။ အန္တရာယ် ရှိနိုင်တယ်၊ ဒါကြောင့် ငါ အခု အိမ်ပြန်လာပြီ' လို့ ပြောတယ်။ သူက "ရွာနားမှာ ဗမာ စစ်တပ်တွေ ရှိလား" ဆိုပြီး ကျမကိုမေးတယ်။ ကျမက "မရှိဘူး" လို့ပြောတယ်၊ သူ ဖုန်းဆက်တုန်းက ဆိုင်ကယ် မောင်းနေပြီ။ ည ၇ နာရီအထိ သူ အိမ်ပြန်မရောက်လာဘူး၊ ဒါကြောင့် စိတ်ပူလာပြီး ရွာမှာရှိတဲ့ ပြည်သူ့စစ်တယောက်ကို ကျမက ပြောပြတယ်။ ညရောက်တော့ အဲဒီ ပြည်သူ့စစ်က ပြောတယ် "တပ်မ ၉၉ အဖွဲ့တွေ သူ့ကို PDF ထင်လို့ ပစ်လိုက်တယ်" လို့ပြောတယ်။ ပြည်သူ့စစ်က ကျမတို့ကို အဖေ ပစ်ခံရတဲ့နေရာကို ပြောပြတယ်။ နောက်တရက်တော့ ကျမတို့ မိသားစုနဲ့ ရွာသားတွေ အဲဒီနေရာကို သွားကြည့်တယ်။ သူ့အလောင်းက တောင်ယာသွားတဲ့ လမ်းမှာ ရှိတယ်။ သူ့ အဝတ်အစားတွေကို PDF အဝတ်အစားမျိုး လဲထားပေးတယ်။ သူ့မူရင်း အဝတ်အစားတွေက သူ့အလောင်းဘေးနားမှာ ရှိတယ်။ သူက ပိုက်နဲ့ နံရိုးတွေ ကြားမှာ ပစ်ခံထားရတယ်။ စစ်တပ်တွေက သူ့ဖုန်းကိုလည်း ယူသွားတယ်။ ကျမတို့ ညီအစ်မ ၄ ယောက်ရှိတယ်။ မိန်းကလေးတွေချည်းပဲ၊ အစ်ကိုတွေ မောင်တွေ မရှိဘူး။ ကျမအဖေကို ကျမ အစ်ကိုလို့လည်း ကျမ ခံစားရတယ်။ ဘုရားကျောင်းသွားတဲ့အခါ အစ်ကိုတွေ အဖေတွေနဲ့ မိသားစုတွေ အများကြီးလာတယ်။ အဲဒီအချိန်ဆိုရင် ကျမ အဖေကို ကျမ အရမ်းသတိရပြီး ငိုချင်တယ်။ ဒါကြောင့် လူများတဲ့ နေရာဆို ကျမ မသွားချင်တော့ဘူး။ ကျမ အမေရှေ့မှာ အဖေ့အကြောင်းလည်း အခုဆို ပြောလို့ မရဘူး၊ သူက သတိလစ်လစ်သွားတယ်။"*

မိုးညှင်းတွင် ဝက်များတင်လာသော ကုန်ကားတစ်စီး စစ်တပ် စစ်ဆေးရေး ဂိတ်တစ်ခုတွင် ဘရိတ်ပျက်သွားသဖြင့် မရပ်နိုင်သောကြောင့် ပစ်ခံရသည်။ ကားပေါ်က တောင်းပန်ရန် ကားပေါ်က ဆင်လာသည့် ကားမောင်းသမားလည်း ဒဏ်ရာရခဲ့ပြီး ကုန်ကားပေါ်တွင် လိုက်ပါလာသော ခရီးသည် တစ်ဦးမှာ ခေါင်းမှန်ပြီး သေဆုံးသွားခဲ့သည်။

ပူတာအိုတွင် လက်ထပ်ပြီးခါစ ဇနီးမောင်နှံမှာ သူတို့ ရွာအတွင်း တိုက်ပွဲဖြစ်သဖြင့် မော်တော်ဆိုင်ကယ်ဖြင့် ထွက်ပြေးရန် ကြိုးစားသည်ကို စစ်ကောင်စီတပ်က ပစ်ခတ်ခဲ့သည်။ ယောကျ်ားဖြစ်သူ၏ အစ်ကိုက အလောင်းသွားယူသည့်အခါ စကစ တပ်ဖွဲ့များက မော်တော်ဆိုင်ကယ်ကို ရပ်ခိုင်းရာမှာ မရပ်သဖြင့် ပစ်ခတ်ခဲ့ကြောင်း ပြောသည်။ ဖြစ်စဉ်ကို အစ်ကို ဖြစ်သူက ပြန်ပြောပြရာတွင်

*"(၂၀၂၂ ခု ဖေဖော်ဝါရီ ၁ ရက်) ဆွမ်ပီယန် ရွာမှာ တိုက်ပွဲ စဖြစ်ကတည်းက စစ်အုပ်စု တပ်ဖွဲ့တွေက ဖတ်မာ ရွာမှာရှိတဲ့ ရွာသား တွေရဲ့ အိမ်တွေမှာ နေထိုင်နေခဲ့ကြတယ်။ ၂၀၂၁ ခု နိုဝင်ဘာက လက်ထပ်ထားပြီး နှစ်ယောက်စလုံး ဖတ်မာရွာမှာနေတဲ့ ကျွန်တော့်ညီ ငွာဇီတာနဲ့ သူ့မိန်းမ ဂျာလီဒွဲ၊ သူတို့အိမ်က စစ်သားတွေနေတဲ့ နေရာနဲ့ သိပ်နီးတယ်။ ဖေဖော်ဝါရီ ၁၅ ရက်မှာ KIA၊ PDF တွေနဲ့ ခလရ ၄၆ တပ်ဖွဲ့တွေ ဖတ်မာရွာထိပ်မှာ ည ၈ နာရီလောက် တိုက်ပွဲ ဖြစ်တယ်။ အဲဒီအချိန် ကျွန်တော့်ညီက ကျွန်တော့်ကို ဖုန်းခေါ်လာပြီး ပြောတယ်။ "တိုက်ပွဲက သိပ်နီးတယ်၊ အမျိုး တယောက်ယောက်အိမ်ကို ပုန်းရှောင်ချင်တယ်" လို့ ပြောတယ်။ ကျွန်တော်က "မင်းတို့ ရွှေ့စရာမလိုဘူး၊ သူတို့က ရွာထိပ်မှာ တိုက်ပွဲဖြစ်နေတော့ မင်းတို့အိမ်နဲ့ တော်တော်ဝေးပါတယ်" လို့ သူ့ကို ပြန်ပြောခဲ့တယ်။ အဲဒီတော့ သူက "အိုကေ" လို့ပြောတယ်။ သိပ်မကြာခင်မှာပဲ ကျွန်တော် သေနတ်သံကြားတယ်။ ကျွန်တော့် ညီဆီကို*

*ဖုန်းထပ်ခေါ်လိုက်တယ်။ သူက "ကျွန်တော်တို့ ပစ်ခံရတယ်။ ကျွန်တော့် မိန်းမ သေသွားပြီ၊ ဆုတောင်းပေးပါ" လို့ပြောပြီး ဖုန်းချသွားတယ်။ နောက် တမိနစ်လောက် ကြာတော့ သူ့ ဖုန်းထပ်ခေါ်လာတယ်၊ ကျွန်တော်က "မင်းအခုဘယ်မှာလဲ၊ ငါတို့ မင်းတို့ဆီလာခဲ့မယ်" လို့ မေးတော့ သူက "ဗမာစစ်သားတွေ ငါတို့နားမှာ မင်းတို့မလာနဲ့" လို့ပြောတယ်။ အဲဒီနောက် ဖုန်းချသွားတယ်၊ ကျွန်တော် သူ့ကို ခဏခဏခေါ်ပေမယ့် သူ ဖုန်းမကိုင်တော့ဘူး။ ကျွန်တော်တို့လည်း အပြင်ထွက်ဖို့ သိပ်ကြောက်နေတော့ အဲဒီညတော့ အိမ်မှာပဲ နေလိုက်တယ်။ နောက်မနက်မှာတော့ ရွာလူကြီးနဲ့ ကျွန်တော်တို့ မိသားစုတွေက သူတို့ အလောင်းကို သွားကောက်တယ်။ နှစ်ယောက်စလုံးက စစ်သားတွေ နေတဲ့ အိမ်ရှေ့က လမ်းပေါ်မှာ ဆုံးနေတယ်။ ကျွန်တော့်ညီက ဗိုက်နဲ့ ခြေထောက်မှာ သေနတ်မှန်ထားတယ်။ သူ့မိန်းမကတော့ ရင်ဘတ်မှာ ထိထားတယ်။ သူတို့ဘေးမှာ ဆိုင်ကယ် တစ်စီးရှိတယ်။ ကြည့်ရတာ သူတို့ နှစ်ယောက်စလုံး ကျွန်တော့်ဆီလာဖို့ ကြိုးစားခဲ့တာ ထင်တယ်။"*

တပ်ဖွဲ့များသည် တိုက်ခိုက်မှုများကို တုန့်ပြန်ရန် သို့မဟုတ် တိုက်ခိုက်မှုများကို ကြောက်ရွံ့သည့်အတွက် အရပ်သားများကို ရမ်းသမ်း ပစ်ခတ်မှုများသည် ကျေးလက်ဒေသများတွင်သာမက မြို့များတွင်လည်း ဖြစ်ခဲ့သည်။ နိုဝင်ဘာ ၂၈ ရက် မိုးမောက်မြို့ကို KIA တပ်ဖွဲ့များ အရပ်ဝတ်ဖြင့် ဝင်ရောက်ပြီးနောက်တွင် စစ်ကောင်စီ ခမရ ၄၃၇ တပ်ဖွဲ့အခြေစိုက်စခန်းမှ လက်နက်ကြီးများဖြင့် ကြေးနန်း ရပ်ကွက် အနီးအနားရှိ အိမ်များနှင့် ယာဉ်များကို အစီအစဉ်မကျ ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး နှင့် လူနှစ်ဦး ဒဏ်ရာရခဲ့သည်။

ဒီဇင်ဘာ ၁၆ ရက်တွင် မြစ်ကြီးနားမြို့ရှိ စစ်အုပ်စု တပ်ဖွဲ့များက မနောင်ကွင်းအနီး ဖြတ်သွားသည့် ကားတစ်စီးကို ပစ်ခတ်ရာ ကားမောင်းသူ သေဆုံးခဲ့သည်။ ထိုတပ်ဖွဲ့များသည် နောက်တနေ့တွင် ကျင်းပမည့် ခရစ္စမတ်ပွဲတော်အတွက် လုံခြုံရေး ချထားခြင်းဖြစ်သည်။ ထိုပွဲကို စစ်အုပ်စု ခန့်ထားသည့် ကချင်ပြည်နယ် ဝန်ကြီးချုပ် ခက်ထိန်နန်က ဦးဆောင်ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက်နေ့ မြစ်ကြီးနား မြို့၊ လယ်ကုန်းရပ်ကွက် ရဲစခန်းတွင် ဗုံးပေါက်ကွဲပြီးနောက် စစ်အုပ်စု တပ်ဖွဲ့ဝင်များက အရပ်သားအိမ်များကို ရမ်းသမ်း ပစ်ခတ်ကြရာ အိမ်တွင် အိပ်ပျော်နေသော အသက် ၇ နှစ် အရွယ် မောင်ဘုန်းခန့်ဌေး သေဆုံးခဲ့သည်။

## ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ အရပ်သားများအား အဓမ္မလုပ်အားခိုင်းစေခြင်းနှင့် လူသားဒိုင်း အဖြစ် အသုံးပြုခြင်း

| | ဖမ်းဆီးခံရသူ အရေအတွက် (၂၀၂၁ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် ဧပြီလ) | နေရာ | စကာစတပ်ရင်းများ (သိထားသမျှ) |
|---|---|---|---|
| ဥပဒေမဲ့ ဖမ်းဆီးခြင်း အများစုကို PDF သို့မဟုတ် KIA နှင့် ချိတ်ဆက်မှု ရှိသည်ဟု သံသယအပေါ်တွင် လုပ်ဆောင်သည်။ | ၂၃ | ဗန်းမော်၊ မြစ်ကြီးနား၊ ပူတာအို၊ ဝိုင်းမော်၊ ဖားကန့်။ | ခလရ ၃၇၊ ခလရ ၅၈၊ တပ်မ ၃၃ |
| ဖမ်းဆီးပြီး လူသားဒိုင်း သို့မဟုတ် အဓမ္မ လုပ်အားခိုင်းစေ အသုံးပြု ခံရခြင်း | ၃၄ | အင်ဂျားယာန်၊ မိုးမောက်၊ ဖားကန့်၊ နမ္မတူ | ခမရ ၄၃၇၊ တပ်မ ၃၃၊ တပ်မ ၁၀၁ |

လွန်ခဲ့သည့် ခြောက်လအတွင်း လူ ၂၃ ဦးမှာ ဥပဒေမဲ့ ဖမ်းဆီးခံခဲ့ရသည်၊ အများစုမှာ PDF သို့မဟုတ် KIA နှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲခံကြရသည်။ ထိုသူများအတွင်းတွင် ခုနစ်ဦးမှာ ပြင်းထန်စွာ နှိပ်စက်ခံရသည်။ ယင်းတွင် ယောကျ်ား ၂ ဦးနှင့် မိန်းမ တစ်ဦးပါဝင်ပြီး သူတို့ကို နိုဝင်ဘာ ၂၈ ရက်တွင် မြစ်ကြီးနား အနီးရှိ သူတို့အိမ်များတွင် ဖမ်းဆီးခံကြရပြီး ခလရ ၃၇ တပ်ရင်း စခန်းသို့ ခေါ်ဆောင်သွားခံကြရသည်။ ထိုနေရာတွင် သူတို့အား PDF သို့မဟုတ် KIA ဖြစ်သည်ဟု သေနတ်များ တုတ်များဖြင့် ရိုက်နှက်ပြီး အတင်း ဝန်ခံခိုင်းစေခဲ့သည်။ အသက် ၃၉ နှစ်အရွယ် အမျိုးသား နော်ဆန်းအား ရိုက်နှက်မှု ပြင်းထန်လွန်းသောကြောင့် သူ၏ နံရိုး ၂ ချောင်း အက်သွားခဲ့သည်။ အမျိုးသမီး (ယောကျ်ားလျာ) တစ်ဦးလည်း တကိုယ်လုံးသေနတ်ဖြင့် ရိုက်နှက်ခံရသည်။ တူဖမ်းဆီးခံရသော အမျိုးသားတစ်ဦးမှ သူမ အမျိုးသမီးဖြစ်ကြောင်း ပြောလိုက်ပြီးနောက် စစ်သားများက ထိုသူမအားရိုက်နှက်ခြင်း ရပ်တန့်သွားခဲ့သည်။ ထိုည ညနေပိုင်းတွင် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG) ၏ကြားဝင်ညှိနှိုင်းချက်အရ သူတို့သုံးဦးကိုပြန်လွှတ်ပေးခဲ့သည်။

အချို့သော ဖမ်းဆီးသူများကို မတရားအသင်း အက်ဥပဒေ ၁၇/၁ သို့မဟုတ် ရာဇသတ်ကြီး ၅၀၅ (ခ) တို့ဖြင့် တရားစွဲဆိုခဲ့ပြီး ထောင်ချထားခဲ့သည်။ အချို့သော ထိန်းသိမ်း ခံရသူများ မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရှိရပါ။

မိုးမောက်၊ ဖားကန့်နှင့် နမ္မတူ မြို့နယ်များမှ ရွာသား ၂၈ ယောက်တို့သည် စကစ တပ်ဖွဲ့များအတွက် လူသားဒိုင်းအဖြစ် အဓမ္မ စေခိုင်းခြင်းခံရသည်။ နိုဝင်ဘာ ၂၈ ရက်တွင် ခမရ ၄၃၇ မှ တပ်ဖွဲ့များသည် ရွာသား ၆ ယောက်ကို သူတို့နှင့်အတူ မိုးမောက် ကြေးနန်းရပ်ကွက်ရင်းမှ မိုးမောက်အထက်တန်းကျောင်းသို့ အတူ လမ်းလျှောက်သွားစေခဲ့ပြီး ဒီဇင်ဘာ ၄ ရက်နေ့တွင် ထိုတပ်ရင်းကပင် အမျိုးသမီး ၆ ယောက်အပါအဝင် လယ်သမား ၁၁ ယောက်ကို မိုးမောက်မြို့အနီး ကင်းလှည့်ရာတွင်လူသားဒိုင်းအဖြစ်အသုံးချခဲ့သည်။ ဇန္နဝါရီ ၄ ရက်နေ့တွင်ဖားကန့်မှကာမိုင်းသို့လမ်းလျှောက်လာသော တပ်မ ၃၃ တပ်ဖွဲ့များက KIA ၏ တိုက်ခိုက်ခြင်းကို ခံရပြီးနောက်တွင် လယ်သမား ၈ ယောက်ကို လူသားဒိုင်းအဖြစ် လိုက်ပါရန် အတင်းအကြပ် စေခိုင်းခဲ့သည်။ မတ်လ ၃၀ ရက်နေ့တွင် KIA နှင့် စကစ တပ်မ ၁၀၁ မှ တပ်ဖွဲ့များ နမ္မတူ အနီးတွင် တိုက်ပွဲ ဖြစ်ပွားပြီးနောက် စကစန တပ်ဖွဲ့များက ရွာသား အမျိုးသား သုံးယောက်ကို ဖမ်းဆီးပြီး သူတို့ ရွာမှ နမ္မတူရှိ တပ်စခန်း အကြား ခရီးလမ်းတွင် သူတို့နှင့်အတူ အတင်းအဓမ္မ လိုက်ပါစေခဲ့သည်။

နိုဝင်ဘာလ အစောပိုင်းတွင် စစ်ရှောင် (၆)ဦး သူတို့၏နေရပ် အင်ဂျန်းယာန်တို့ သူတို့၏ တိရစ္ဆာန်များကို ကြည့်ရှုရန် ခေတ္တပြန်ချိန် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၁၀၀ ခန့်နှင့် တွေ့ဆုံးပြီးဖမ်းဆီးခံခဲ့ရာ တစ်နာရီကြာ ခြုံများ ရှင်းခိုင်းခဲ့သည်။

## ကွတ်ခိုင်တွင် မြန်မာ စစ်သားမှ မုဒိမ်းကျင့်ရန် ကြိုးပမ်းခြင်း

ကွတ်ခိုင်တွင် မကြာသေးမီက မြန်မာစစ်သားတစ်ဦးမှ မုဒိမ်းကျင့်ရန် ကြိုးစားမှုဖြစ်စဉ် စစ်တပ်က ကျူးလွန်သော မုဒိမ်းပြုကျင့်မှုများအပေါ် အပြစ်ပေး အရေးယူခြင်းမရှိသည့် အနေအထား ဆက်လက်တည်ရှိနေခြင်းကြောင့် ကျေးလက်ဒေသနေ အမျိုးသမီးများ မြန်မာစစ်တပ်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကြုံတွေ့နိုင်ရန် အလားအလာ ဆက်လက်ရှိနေကြောင်းကို ပြသနေသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၁၂ ရက်တွင် ခမရ ၃၃၆ မှ စကစ စစ်သားတစ်ယောက်သည် ကွတ်ခိုင်မြို့နယ်၊ ဟူနောင်ရွာမှ အသက် ၅၀ အရွယ် အမျိုးသမီး တစ်ဦးကို မုဒိမ်းကျင့်ရန် ကြိုးစားခဲ့သည်။ ယင်းနေရာသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ အတွင်းက အဆိုပါ တပ်ရင်းမှ စစ်သားတစ်ဦးသည် အသက် ၆၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မုဒိမ်းပြုကျင့်ခဲ့သည့် နေရာနှင့် သုံးကီလိုမီတာသာ ဝေးသည်။

ယခင် ဖြစ်ရပ်နှင့် အလားတူစွာပင် မုဒိမ်းပြုရန် ကြိုးစားမှုမှာ နေခင်းကြောင်တောင်တွင် ဖြစ်ပြီး ကျူးလွန်သူမြန်မာစစ်တပ် တပ်ဖွဲ့သည် ရွာအတွင်း စခန်းချထားရာ နေရာနှင့် မီတာ ၁၀၀ သာကွာဝေးသည်။ ကျူးလွန်သူမှာ ရှင်သန်လွတ်မြောက်သူ ၏ အိမ်သို့ သွားရာ လမ်းပေါ်တွင် လုံခြုံရေး အစောင့် ချထားသူ ဖြစ်သည်။ ကံကောင်းစွာပင် အမျိုးသမီး၏ အော်သံက အနီးအနားရှိ ဆွေမျိုးများက သတိထားကြားမိလိုက်သောကြောင့် မုဒိမ်းမှုကျူးလွန်ရန် အထမမြောက်ခင်လာရောက် ကူညီနိုင်သဖြင့် ကျူးလွန်သူထွက်ပြေးလွတ်မြောက်သွားသည်။ သို့ရာတွင် မြန်မာစစ်သားမှ မုဒိမ်းပြုကျင့်ရန်ကြံရွယ်စဉ် သူမသည် ရုံထွက်ရန်ကြိုးစာချိန်အသက်မရှူနိုင်အောင်လည်ပင်းညစ်
ခံရပြီး ဦးခေါင်းရိုက်နက်ခြင်းခံခဲ့ရသည်။

ရွာသားများက ဒေသခံ စစ်ကြောင်းမှူး ထံ ချက်ချင်းသွားရောက် တိုင်ကြားခဲ့ကြသည်။ စစ်ကြောင်းမှူးက စစ်သားများကို တန်းစီစေပြီး ရှင်သန်လွတ်မြောက်သူ အား ကျူးလွန်သူကို ရွေးထုတ်စေခဲ့သည်။ ထို့နောက် ကျူးလွန်သူကို သစ်ပင်တစ်ပင်တွင် ချည်ထားပြီး စစ်ကြောင်းမှူးက ရှင်သန်လွတ်မြောက်သူကို တောင်းပန်ခဲ့ပြီး ဆေးကုစားရိတ်အဖြစ် မြန်မာကျပ်ငွေ ၁၀၀၀၀၀ ကျပ် ပေးခဲ့သည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ရွာလူကြီးနှင့် ဒေသခံ အမျိုးသမီးခေါင်းဆောင်တို့က စစ်ကြောင်းမှူးကို ဆက်လက် အရေးယူဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် သူတို့ စစ်ကြောင်းမှူး ထံမှ ပြန်ထွက်လာသောအခါ ရွာသားများက သေနတ်သံများ ကြားလိုက်ရသည်။ ထိုသေနတ်သံများမှာ မုဒိမ်းမှု ကျူးလွန်ရန် ကြံစည်သူက တခြား စစ်သားများအား ပစ်သတ်ပြီး ထွက်ပြေးသွားခြင်းဖြစ်ကြောင်း နောက်ပိုင်းတွင် သိခဲ့ရသည်။ နောက်တရက်တွင် ကျူးလွန်သူကို အနီးအနား တောအုပ်အတွင်း ဖမ်းမိခဲ့ပြီး ပစ်သတ်ခဲ့သည်။ ဧပြီ ၁၄ ရက်တွင် စစ်ကြောင်းမှူးက ရှင်သန်လွတ်မြောက်သူ အား လျော်ကြေးအဖြစ် နောက်ထပ် မြန်မာငွေ ၅၀၀၀၀၀ ကျပ်ကို ပေးခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟူနောင်ကျေးရွာတွင် မြန်မာစစ်တပ်မှ မုဒိမ်းပြုကျင့်ရန်ကြံရွယ်သည့်နေရာပြမြေပုံ (၂၀၂၂ခုနှစ် ဧပြီလ ၁၂ ရက်)



တချိန်တည်းမှာပင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့က အနီးအနားရှိ ဖာခစ်ရွာတွင် မုဒိမ်းမှု ကျူးလွန်ခဲ့သော စစ်သားအား အပြစ်ပေးအရေးယူသည့် အကြောင်း နောက်ထပ်မည်သည့် သတင်းမှ မကြားရတော့ပေ။ အမှန်တကယ်အားဖြင့် တပ်ရင်းတစ်ခုထဲရှိ နောက်ထပ် စစ်သားတစ်ဦးက ယခင် ဖြစ်ရပ် ဖြစ်ပွားပြီး လေးလအကြာတွင် လူသိရှင်ကြား မုဒိမ်းကျင့်ရန် ကြိုးပမ်းခဲ့ခြင်းသည် ယခင် ပြစ်မှု ကျူးလွန်သူအား အပြစ်ပေးမှု ရှိခဲ့ပါက သက်ညှာသာစွာအပြစ်ပေးခဲ့ကြောင်း ပြသနေသည်။

ယခင်ဖြစ်ရပ်နှင့် အလားတူသည့်မှာ တပ်ဖွဲ့များသည် ကွတ်ခိုင်မူဆယ် လမ်းမကြီး တလျှောက် လုံခြုံရေးယူရန် ထိုရွာတွင် စခန်းချနေကြခြင်း ဖြစ်သည်။ KIA က ဧပြီ ၁၁ ရက်နေ့ ညက ဟူနောင်ရွာအနီးတွင် မြန်မာစစ်တပ် ထရပ်ကား ၄၀ ပါယာဉ်တန်းကို တိုက်ခိုက်ခဲ့ပြီး နာရီပိုင်းအတွင်း ခမရ ၃၃၆ မှ တပ်ဖွဲ့အင်အား ၂၀ ခန့်သည် သူတို့၏ ယာယီ စခန်းချရာ နမ်ဂွတ်ရွာ အနီးမှ ဟူနောင်ရွာအတွင်းသို့ ရွှေ့ပြောင်းခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်တွင် မြန်မာစစ်တပ်မှလိင်ပိုင်းဆိုင်ရာကြမ်းဖက်မှုကျူးလွန်ခဲ့သည့်နေရာပြမြေပုံ



## အိုးအိမ်စွန့်ခွာ ထွက်ပြေးမှု အသစ်များ

၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ခုနှစ် ဧပြီလ အတွင်း KWAT သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်၊ လားရှိုးနှင့် နမ္မတူ မြို့နယ်များ အတွင်းမှ ရွာသား ၅၇၃၇ ယောက် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့သည်ကို မှတ်တမ်းတင်ထားသည်။

ဖေဖော်ဝါရီလအတွင်းက ကချင်ပြည်နယ်တွင် ပူတာအို၊ ဖားကန့်နှင့် မိုးမောက်တို့ရှိ အရပ်ဘက် နယ်မြေများကို လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုများကြောင့် ရွာသားပေါင်း ၃၈၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရသည်။ ထိုအိုးအိမ်မဲ့စွန့်ခွာရွှေ့ပြောင်းသူ အများစုမှာ ယခုအခါ အိမ်ပြန်သွားကြပြီဖြစ်သည်။ ထိုသူတို့တွင် မတ်လကုန်ပိုင်းက ကချင် ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ PCG ၏ စစ်အုပ်စုနှင့် ကြားဝင် စေ့စပ်ဆွေးနွေးပေးပြီးနောက် အိမ်ပြန်သွားကြသော ပူတာအိုရှိ ဆွမ်ပီယန် မှ ဒေသခံ ၁၃၀၀ ကျော်လည်း ပါဝင်သည်။


ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းရသည့် အဓိက နေရာမှာ မုံးကိုး ပတ်ဝန်းကျင်ဖြစ်သည်။ စစ်ကောင်စီနှင့် ကိုးကန့်တပ်ဖွဲ့ MNDAA တို့အကြား ဆက်လက်ဖြစ်ပွားနေသော ပြင်းထန်သော တိုက်ပွဲများကြောင့် ၂၀၂၁ နိုဝင်ဘာလနှင့် ၂၀၂၂ ဇန္နဝါရီလအတွင်း ရွာသား ၁၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ယင်းတို့အနက်မှ စစ်ရှောင် ၆၀၀ ကျော်မှာ ယနေ့တိုင် အိမ်မပြန်နိုင်ပဲ ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူတို့မှာ ပဋိပက္ခများ အဓိက ဖြစ်ပွားရာ မုံးကိုးမြို့ အရှေ့ဘက်ရှိ ကျေးရွာများ ဖြစ်သောကြောင့်ဖြစ်သည်။ ယင်းတွင် ဇန္နဝါရီ လလယ်ပိုင်းတွင် တိုက်ပွဲကြောင့် ထွက်ပြေးရသည့် မန်းယန်ရွာသားများပါဝင်ပြီး သူတို့၏ ရွာတွင် စကစတပ် တပ်မ ၉၉ တပ်ဖွဲ့များသည် ရေ့တန်းထွက်စခန်း အဖြစ်ထိုင်ထားသောကြောင့် ယခုတိုင် အိမ်မပြန်ရဲပဲရှိသည်။ သူတို့သည် သူတို့၏ အိမ်ကြား တောင်ယာများနှင့် ဖြစ်နိုင်သမျှ နီးနီးနေလိုသောကြောင့် မုံးကိုး မြို့ရှိ စစ်ရှောင်စခန်းသို့ မရွှေ့ပြောင်းလိုပဲ အနီးအနားရှိ နောင်ဖိုင့်ရွာတွင် ခိုလှုံလျက်ရှိကြသည်။ အလားတူပင် လရုပ်ရွာသားများသည် အနီးရှိ ခါကျန်ခူးရွာတွင် ခိုလှုံနေကြသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလအတွင်း ဘန်မွေးရွာမှ ထွက်ပြေးလာသော ရွာသားများမှာ အနီးအနား တောတောင်များတွင် ကြိုးစား ရှင်သန်လျက်ရှိသည်။ သို့သော်လည်း သူတို့ အစားအစာ ဝယ်ယူသည့် လမ်းကြောင်းမှာ တိုက်ပွဲများကြောင့် ပိတ်သွား၍ မုံးကိုးရှိ စစ်ရှောင်စခန်းတစ်ခုသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။

မုံးကိုး အရှေ့ဘက်ကျေးရွာများမှ အိုးအိမ်စွန့်ခွာ ထွက်ပြေးလာသည့် စစ်ရှောင်များသည် သူတို့၏ အိမ်တွင်ကျန်ခဲ့သော တိရစ္ဆာန်များနှင့် ပိုင်ဆိုင်မှုများကို စကစတပ်များက လုယူသွားခဲ့သည်။

| ၂၀၂၁ နိုဝင်ဘာမှ ၂၀၂၂ မတ်လအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းမှုများ အကျဉ်းချုပ် | | | | | | |
|---|---|---|---|---|---|---|
| **မြို့နယ်** | **စစ်ရှောင်နေရာ** | **မူရင်း ကျေးရွာ** | **အိမ်ထောင်စု အရေအတွက်** | **လူဦးရေ** | **ရွှေ့ပြောင်းရသည့် ရက်စွဲ** | **လက်ရှိအနေအထား** |
| ကချင်ပြည်နယ်။ | | | | | | |
| ပူတာအို | ဆွမ်ပီယန် တောနှင့် မြစ်ကြီးနားရှိ ဆွေမျိုးအိမ်များ | ဆွမ်ပီယန် | ၂၀၆ | ၁၃၀၇ | ၂၀၂၂ ဖေဖော်ဝါရီ ၃ ရက် | မတ် ၂၇-၃၁ တွင် အားလုံး အိမ်ပြန်ခဲ့သည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| ပူတာအို | ပူတာအိုရှိ ဆွေမျိုးအိမ်များ | လုံရှာယာန် | n.a | ၁၁၀ | ၂၀၂၂ ဖေဖော်ဝါရီ ၇ ရက် | တချို့မှာ အိမ်ပြန်ခဲ့ကြပြီ။ |
| ဖားကန့် | ဆိုင်းဖရာ KBC ဘုရားကျောင်း | ခိုင်ရွှန်း(သို့) တံတားညီနောင်၊ ဂေါ့လူယန် ခွမ်ဆိုင်ဇွပ်၊ ဂေါ့လူယန်၊ မနော့ ကပ်မော်ဇွပ်၊ ဆိုင်းဖရာ | n.a | ၂၂၁၅ | ၂၀၂၂ ဖေဖော်ဝါရီ ၅ ရက် | အားလုံး အိမ်ပြန်ခဲ့ပြီ။ |
| မိုးမောက် | မိုးမောက် KBC နှင့် RC ဘုရားကျောင်းများ | ဝ ဝမ်၊ ကွမ်ဘန်၊ မိုးမောက်-ခါနန်ရပ်ကွက်(၃) | n.a. | ၂၀၅ | ၂၀၂၂ ဖေဖော်ဝါရီ ၂၂ ရက် | တချို့မှာ အိမ်ပြန်ခဲ့ကြပြီ။ |
| ရှမ်းပြည်နယ် မြောက်ပိုင်း | | | | | | |
| မူဆယ် | မုံးကိုး စစ်ရှောင်စခန်း | ဘန်မွေး | ၅၀ | ၂၀၀ | ၂၀၂၁ နိုဝင်ဘာ ၂၀ | ရွှေ့ပြောင်းနေရဆဲ |
| | ခကျန်ရှုး | လရှပ် | ၇၇ | ၃၀၇ | ၂၀၂၁ နိုဝင်ဘာ ၂၀ | ရွှေ့ပြောင်းနေရဆဲ |
| | ဝင်းဆိုင်၊ မုံးကိုး | နောင်ဟန့်၊ လွှယ်ဆာ၊ မန်ကန်၊ ဟူဘန်၊ ဆမာ | ၉၈ | ၃၄၂ | ၂၀၂၂ ဇန္နဝါရီ ၁၁ | အိမ်ပြန်ခဲ့ကြပြီ။ |
| | နောင်ဖိုင့်ရွာ၊ ဖောင်းဆိုင် အနီး၊ | မန်းယန် | ၂၇ | ၁၁၀ | ၂၀၂၂ ဇန္နဝါရီ ၁၇ | ရွှေ့ပြောင်းနေရဆဲ |
| | မုံးပေါ် RC ဘုရားကျောင်း၊ ပန်ဆိုင်း | ဟူကျီ | n.a. | ၁၃၁ | ၂၀၂၂ ဇန္နဝါရီ ၂၄ | အိမ်ပြန်ခဲ့ကြပြီ။ |
| လားရှိုး | မိုင်းယော်စျေး | လွယ်ဂျွတ်၊ လုံးတပ်၊ ပန်သပြေ ပန်နန်း၊ ပန်ကင်အောန် | n.a. | ၆၀၀ | ၂၀၂၂ ဇန္နဝါရီ ၁၄ | အိမ်ပြန်ခဲ့ကြပြီ။ |
| နမ္မတူ | နမ္မတူ KBC ဘုရားကျောင်း | ဆင်လီကောင်ရာ | ၄၃ | ၂၁၀ | ၂၀၂၂ မတ် ၃၀ | တချို့မှာ အိမ်ပြန်ခဲ့ကြပြီ။ |
| | **အသစ် ရွှေ့ပြောင်းမှု စုစုပေါင်း** | | | **၅၇၃၇** | | |

## နိုင်ဝင်ဘာလ ၂၀၂၁ ခုနှစ်မှ ဧပြီလ ၂၀၂၂ ခုနှစ် အတွင်းကချင်ပြည်နယ်နှင့် ရှမ်းမြောက်ပိုင်းတွင် စစ်ပြေးဒုက္ခသည်အသစ်များတည်ရှိရာနေရာ



## နိဂုံးချုပ်နှင့် အကြံပြုချက်များ

ဤအစီရင်ခံစာသည် စစ်ရာဇဝတ်မှု မြောက်နိုင်လောက်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် စကစ တပ်ဖွဲ့များက ကျူးလွန်နေသော ဆက်လက်ဖြစ်ပွားနေသည့် ဥပဒေမဲ့ ဖမ်းဆီးမှုများ၊ နှိပ်စက်ညှင်းပမ်းခြင်း၊ အရပ်ဘက် နယ်မြေများကို ပစ်မှတ် သတ်သတ်မှတ်မှတ်မရှိပဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းတို့ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည်။ ယင်းသည် ဒေသခံ ပြည်သူလူထုများအား ပိုမို မြင့်မားလာသော အကြောက်တရားနှင့် မလုံခြုံမှုကို ဖြစ်ပေါ်စေကာ လူထုထပ်သော ကျေးရွာများကို ပစ်မှတ်ထားသည့် လေကြောင်း တိုက်ခိုက်မှုများကိုလည်း ဖော်ပြထားသည်။

စကစ၏ ရက်စက်ကြမ်းကြုတ်မှုများအပေါ် တော်လှန်တိုက်ခိုက်မှုများ အရှိန်အဟုန်တိုးမြင့်လာပြီး စစ်အုပ်စုမှာ နောက်ထပ် ဆုံးရှုံးမှုများ ခံစားနေရသဖြင့် အရပ်သားများအပေါ် ဝေဟင်မှ မြေပြင်သို့ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်မှုများလည်းတိုးမြင့်လာအုံးမည်ဖြစ်သည်။ သို့ဖြစ်ရာ KWAT သည် ဤရက်စက်ကြမ်းကြုတ်မှုများကို ရပ်တန့်စေရန် ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအောက်တွင် ဒီမိုကရေစီနည်းကျရွေးချယ်တင်မြှောက်ခံရသော အစိုးရတစ်ရပ်ထံ အာဏာလွှဲပြောင်းနိုင်စေရန် အတွက် စစ်အုပ်စုအပေါ် နိုင်ငံတကာ၏ ညီညီညွတ်ညွတ်သော ဖိအားပေးရန် အရေးပေါ် တောင်းဆိုလိုက်ပါသည်။

ထို့ကြောင့် မိမိတို့သည် မိမိတို့၏ တောင်းဆိုချက်များကို ထပ်မံ တောင်းဆိုလိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့။

- မြန်မာနိုင်ငံအပေါ် ကမ္ဘာ့အဝှမ်း လက်နက်ပိတ်ဆို့မှုကို ချမှတ်ရန်နှင့် မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာ ရာဇဝတ် တရားရုံးသို့ လွှဲပြောင်းပေးအပ်ရန်။

နိုင်ငံတကာ အစိုးရများသို့။

- အာဏာသိမ်း စစ်အုပ်စုအား သံတမန်အသိအမှတ်ပြုမှု ရုတ်သိမ်းရန်နှင့် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ကို မြန်မာနိုင်ငံ၏ တရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုရန်။
- စစ်အုပ်စု၏ စီးပွားရေး အကျိုးအမြတ်များအပါ စီးပွားရေး ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်- အထူးသဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်း နှင့် စစ်အုပ်စုကို လေယာဉ်ဆီ ပေးပို့နေသော ကုမ္ပဏီများ။

နိုင်ငံခြား ကုမ္ပဏီများသို့။

- မြန်မာနိုင်ငံတွင် စစ်အုပ်စုကို ဖြုတ်ချနိုင်ပြီး ဖက်ဒရယ် ဒီမိုကရက်တစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်လာသည်အထိ စီးပွားရေး လုပ်ငန်းများကို ရပ်ဆိုင်းထားရန်

နိုင်ငံတကာ အလှူရှင်များသို့။

- မြန်မာပြည်သူများအားပေးအပ်သည့် မည်သည့် အကူအညီမဆို စစ်အုပ်စုကို တရားဝင် အသိအမှတ်ပြုမှု သို့မဟုတ် ပံ့ပိုးပေးမှုမျိုး မဖြစ်ရန် သေချာစေရန်။
- ပဋိပက္ခပွားရာ ဒေသများမှ စစ်ရှောင်များအား ဒေသခံ တိုင်းရင်းသား အုပ်ချုပ်ရေးအဖွဲ့များနှင့် လူထုအခြေပြု အဖွဲ့အစည်းများမှ တဆင့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန်။

တရုတ်အပါအဝင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့။

- ပဋိပက္ခများနှင့် နိုပ်စက် ညှဉ်းပန်းမှုများမှ ထွက်ပြေးလာသူများကို လုံခြုံစွာခိုလှုံခွင့်ပြုရန်နှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ရရှိခွင့်ပေးရန်။

## နောက်ဆက်တွဲများ

## ၁။ အရပ်ဘက် နယ်မြေများအပေါ် စကစ လေကြောင်းတိုက်ခိုက်မှု အသေးစိတ် စာရင်းများ

| ရက်စွဲ | နေရာ | အသေးစိတ်အချက်များ | သေဆုံး ဒဏ်ရာရမှုများ |
|---|---|---|---|
| ၂၀၂၂ ဇန္နဝါရီ ၁၂ ရက်။ | စစ်ကိုင်းတိုင်း မြောက်ပိုင်း၊ ကသာ မြို့နယ်၊ မိုးဒါးကြီးရွာ။ | ဇန္နဝါရီ ၁၂ ရက်တွင် ဂျက်တိုက်လေယာဉ်နှစ်စီးသည် မိုးဒါးကြီးရွာသို့ လာရောက်ပစ်ခတ်ခဲ့ရာရွာသား (၄)ဦးဒဏ်ရာရရှိခဲ့သည်။ အသက်(၁၆)နှစ်အရွယ် ယောက်ကျားလေး (၁) ဦးခြောက်ထောက်၊ အသက် (၇)နှစ်အရွယ်ယောက်ကျားလေး နော်ဇက်အောင်သည် ညာဖက်ခြေထောက်၊ အသက်(၁) နှစ်အရွယ် မိန်းကလေး ရွှေဇင်မင်း ညာခြေထောက်နှင့် အသက်(၆၃)နှစ် အရွယ် ဦးကျော်မောင်သည် ဘယ်လက်တွင် ဒဏ်ရာရရှိခဲ့သည်။ ထိုဖြစ်ရပ်သည် ရွာသား အများအပြားအား သူတို့ရွာမှ အိုးအိမ်မဲ့ စွန့်ခွာ ထွက်ပြေးစေခဲ့သည်။ ထိုနေ့တွင် မိုးဒါးကြီး၌ မည်သည့် တိုက်ပွဲမျှ မရှိပါ။ (သို့ရာတွင် ၎င်းနယ်မြမှာ PDF များ ခုခံတော်လှန်သည့် နယ်မြေဖြစ်သည်။) | ယောက်ျား ၁ ဦး၊ ယောက်ကျားလေး ၂ ဦး၊ မိန်းကလေး ၁ ဦး ဒဏ်ရာရ |
| ၂၀၂၂ ဇန္နဝါရီ ၁၈ ရက်။ | စစ်ကိုင်းတိုင်း မြောက်ပိုင်း၊ ကသာ မြို့နယ်၊ မှတ်တိုင်ရွာ။ | ဇန္နဝါရီ ၁၈ ရက်တွင် ဂျက်တိုက်လေယာဉ် နှစ်စီးသည် မကွေးမှ လာရောက်ပြီး မှတ်တိုင်ရွာကို ဒုံးကျည်များဖြင့် ပစ်ခတ်ရာ ရွာသားနှစ်ဦးကို ပြင်းထန် ဒဏ်ရာများ ရစေသည်။ (၄၅ )နှစ် အရွယ် ဦးဌေးမောင်မှာ ဦးခေါင်းတွင် ဒဏ်ရာရပြီး အသက် (၇)နှစ် အရွယ် ယောက်ကျားလေး ကျော်ဝေမိုးမှာ နောက်ကျောတွင် ဒဏ်ရာရသည်။ ဗုဒ္ဓဘာသာ ဘုရားစေတီတစ်ဆူလည်း ထိခိုက်ပျက်စီးခဲ့သည်။ ထိုနေ့၌ မှတ်တိုင်ရွာတွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိပါ။ | ယောက်ျား ၁ ဦး၊ ကောင် လေး ၁ ဦး၊ ဒဏ်ရာရ |
| ၂၀၂၂ ဖေဖော်ဝါရီ ၃ ရက်။ | ပူတာအို၊ ဆွမ်ပီယန် ရွာ။ | ဖေဖော်ဝါရီ ၁ ရက်တွင် PDF နှင့် KIA တပ်ဖွဲ့များသည် ပူတာအို ဆွမ်ပီယန် ရွာရှိစစ်အုပ်စု၏ ပြည်သူ့စစ်စခန်း တစ်ခုကိုတိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှု အတွင်း ရွာသားများက တောထဲသို့ ထွက်ပြေးခဲ့ကြသည်၊ တိုက်ပွဲ ပြီးသော အခါ ရွာသို့ ပြန်လာကြသည်။ ဖေဖော်ဝါရီ ၃ ရက် ညနေ ၄ နာရီခန့်တွင် ဂျက်တိုက်လေယာဉ်နှစ်စီး မြစ်ကြီးနားမှ ဆွမ်ပီယန်သို့ လာ၍ ဗုံး၁၀ လုံးခန့်ကြဲချခဲ့ရာ အိမ် ၇ လုံးပျက်စီးခဲ့ပြီး ရွာသား ၅ ဦးကို ပြင်းထန်စွာ ဒဏ်ရာရစေခဲ့သည်။ အသက် (၁၆) နှစ်အရွယ် ယောက်ကျားလေး သည် နောက်ကျောတွင် ဒဏ်ရာရသည်၊ အသက် (၁၀)နှစ် အရွယ် မိန်းကလေးမှာ သူ၏ ဘယ်ဘက်လက်တွင် ဒဏ်ရာရသည်၊ အသက် (၄၉) နှစ်အရွယ် အမျိုးသမီး တစ်ဦးမှာ သူ၏ လည်ပင်းတွင်ဒဏ်ရာရသည်၊ အသက် (၄၀) အရွယ် ယောက်ျားတစ်ဦး မှာ ခေါင်း၊ ဝမ်းဗိုက်နှင့် ရင်ဘတ်တို့ တွင် ဒဏ်ရာရပြီး (၆၁) အရွယ် မိန်းမ တစ်ဦးမှာ ဦးခေါင်းတွင် ဒဏ်ရာရသည်။ ယင်းသည် ရွာသားများကို တောထဲသို့ ထွက်ပြေးစေပြီး အချို့မှာ မြို့ပေါ်ရှိ ဆွေမျိုးများထံ တွင် သွားရောက်နေထိုင်ကြစေသည်။ | ယောက်ျား ၁ ဦး၊ မိန်းမ ၂ ဦး၊ ယောက်ကျားလေး ၁ ဦး၊ မိန်းကလေး ၁ ဦး ဒဏ်ရာရ |

| | | | |
|---|---|---|---|
| ၂၀၂၂ ဖေဖော်ဝါရီ ၄ ရက်။ | ဖားကန့်၊ ဂေါ့လူယန် ခိုင်ရွှန်းရွာ (သို့) တံတားညီနောင် | ဖေဖော်ဝါရီ ၃ ရက်တွင် KIA နှင့် PDF တပ်ဖွဲ့များက ဖားကန့်မှာ တံတားညီနောင် ရွာသို့ ဖြတ်လမ်းမှ လာသော တပ်မ ၃၃ မှ စစ်ကောင်စီ တပ်ဖွဲ့များကို ဆိုင်းဖရာ နှင့် ကပ်မော်ဖွပ် ရွာများ၏ တောင်ဘက်တွင် တိုက်ခိုက်ခဲ့သည်။ ဖေဖော်ဝါရီ ၄ ရက် နေ့ခင်း ၂ နာရီတွင် တိုက်ပွဲဖြစ်ပွားရာ နေရာသို့ နမ့်ယာ ပြည်သူ့စစ်က လက်နက်ကြီး အလုံး ၃၀ ခန့်ပစ်ခဲ့ပြီး နေ့ခင်း ၃ နာရီတွင် ဂျက်တိုက်လေယာဉ် နှစ်စီးလာပြီး ခိုင်ရွှန်း (တံတာညီနောင်) နှင့် ဂေါ့လူယန်ရွာများကို ဗုံးများကြဲချခဲ့သည်။ အိမ်အချို့ ပျက်စီးခဲ့သော်လည်း ကံကောင်းစွာပင် မည်သူမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပါ။ ရွာသားများ အားလုံးနီးပါးသည် ကပ်မော်ဖွပ်နှင့် ဆိုင်းဖရာ ရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ဖြစ်သည်။ | |
| ၂၀၂၂ ဖေဖော်ဝါရီ ၅ ရက်။ | ဖားကန့်။ ကပ်မော်ဖွပ်ရွာ။ | ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၃ နာရီတွင် ဂျက်တိုက်လေယာဉ်နှစ်စီးသည် ကပ်မော်ဖွပ် ရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်၊ အမှန်တကယ်အားဖြင့် ရွာအတွင်းတွင် တိုက်ပွဲ ဖြစ်ပွားခြင်းမရှိပါ။ အနီးအနား ကျေးရွာများမှ ရွာသားများသည် ထိုရွာသို့ တိမ်းရှောင်နေခဲ့သည်။ ဗုံးများကြောင့် အသက် ၈၂ နှစ် အရွယ် ယောက်ျား ရွာသားတစ်ဦး နေရာတွင် သေဆုံးခဲ့ပြီး မိန်းမ ၄ ယောက်နှင့် ယောက်ျား ၁ ယောက်အပါအဝင် ရွာသား ၅ ယောက်ပြင်းထန်စွာ ဒဏ်ရာရစေသည်။<br>• အသက် ၈၇ နှစ်အရွယ် အမျိုးသမီးမှာ သူ့ လက်နှင့် ရင်ဘတ်တွင် ဒဏ်ရာရသည်။<br>• အသက် ၅၂ နှစ်အရွယ် အမျိုးသမီးမှာ သူ၏ ဘယ်လက်နှင့် ဘယ်ခြေထောက်တွင် ဒဏ်ရာရခဲ့သည်။<br>• အသက် ၈၄ နှစ်အရွယ် အမျိုးသမီး မှာ သူ့လက်နှင့် နောက်ကျောတွင် ဒဏ်ရာရခဲ့သည်။<br>• အသက် ၂၀ အရွယ် အမျိုးသမီးမှာ ပေါင်နှစ်ဘက်စလုံး ဒဏ်ရာရသည်။<br>• အသက် ၅၈ နှစ်အရွယ်အမျိုးသားမှာ တင်ပါးတွင် ဒဏ်ရာရသည်။ ဒဏ်ရာရသော ရွာသားများကို မြစ်ကြီးနားဆေးရုံသို့ သယ်ဆောင်သွားခဲ့သော်လည်း လမ်းတလျှောက် ဂိတ်များတွင် တဂိတ်လျှင် ၃၀-၄၅ မိနစ်အထိ ရပ်ပေးရသဖြင့် ဆေးရုံသို့ ဆယ့်တစ်နာရီ အထိ မရောက်နိုင်ပဲ ရှိခဲ့သည်။ အသက် ၅၂ နှစ်အရွယ် အမျိုးသမီးမှာ သူ၏ ခြေထောက်တစ်ဘက်ကို နောက်နေ့တွင် ဖြတ်ပစ်ခဲ့ရသော်လည်း နောက် ၂ နာရီအကြာတွင် သေဆုံးသွားခဲ့သည်။ | ယောက်ျား ၁ ဦးသေ။ မိန်းမ ၁ ဦးသေ၊ ယောက်ျားတစ်ဦး ဒါဏ်ရာရ |

## ၂။ အရပ်ဘက် နယ်မြေများအပေါ် စကစ လက်နက်ကြီး ပစ်ခတ်မှု အသေးစိတ် စာရင်းများ

| ရက်စွဲ | နေရာ | အသေးစိတ်အချက်များ | သေဆုံး ဒဏ်ရာရမှုများ |
|---|---|---|---|
| ၂၀၂၁ နိုဝင်ဘာ ၂၀ | မူဆယ်ခရိုင်၊ မုံးကိုး၊ ဘန်မွေး နှင့် လာရှက် ရွာ၊ | စစ်ကောင်စီ တပ်မ ၉၉ မှ တပ်ဖွဲ့များသည် မန်းယန်ရွာ စခန်းရှိရာမှ လက်နက်ကြီး မော်တာ အများအပြားကို ဘန်မွီနှင့် လာရှပ် ကျေးရွာများသို့ ပစ်ခဲ့သည်။ လက်နက်ကြီးကျည် တစ်လုံး ပေါက်ကွဲမှုကြောင့် ဘန့်မွီးရွာရှိ အိမ်ရှေ့တွင် ထွက်ပြေးရန်အတွက် ကလေးငယ်နှင့် အတူမတ်တပ်ရပ် နေခဲ့သည့် အသက် ၂၅ နှစ်အရွယ် အမျိုးသမီး ရွှေဇင်ဝင်း သေဆုံးခဲ့သည်။ | အမျိုးသမီး ၁ ဦးသေ |
| ၂၀၂၁ နိုဝင်ဘာ ၂၈ | မိုးမောက်မြို့ | နိုဝင်ဘာ ၂၈ ရက် မိုးမောက်မြို့တွင်းသို့ အရပ်ဝတ်နှင့် KIA တပ်ဖွဲ့ဝင် ၄၀ ခန့် ဝင်ရောက်လာပြီးနောက်တွင် ခမရ ၄၃၇ တပ်စခန်းမှ စစ်ကောင်စီ တပ်ဖွဲ့များက အေဒင်ရပ်ကွက်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ရာ အေဒင်ဒုက္ခသည်စခန်း အတွင်း လက်နက်ကြီး တစ်လုံး ကျရောက်ခဲ့သော်လည်း ပေါက်ကွဲမှု မရှိခဲ့ပေ။ | |

| | | | |
|---|---|---|---|
| ၂၀၂၁ ဒီဇင်ဘာ ၁၂ | ရွှေဂူ၊ မင်းကျောင်းကုန်းရွာ | စစ်ကောင်စီ တပ်ဖွဲ့များသည် ဧရာဝတီမြစ်တလျှောက် ရွှေဂူသို့ သွားသော သင်္ဘောပေါ်မှ မင်းကျောင်းကုန်းရွာကို ၈ ကြိမ်ခန့် လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်ခဲ့သည်။ လက်နက်ကြီး တစ်လုံးမှာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းအတွင်း ကျရောက်ခဲ့ပြီး နောက်တလုံးမှာ မင်းကျောင်းကုန်းရွာမှ အရပ်သား နေအိမ်တလုံးပေါ် ကျရောက်ခဲ့သော်လည်း ကံအားလျော်စွာပင် မည်သူမျှ ထိခိုက်ဒဏ်ရာမရခဲ့ပေ။ | |
| ၂၀၂၁ ဒီဇင်ဘာ ၁၈ | မူဆယ်၊ မုံးကိုး ရပ်ကွက် ၇။ | မြန်မာစစ်တပ် တပ်ဖွဲ့များသည် မုံးကိုးအနီး ၎င်းတို့၏ တပ်စခန်းမှာ မြို့ထဲက ရပ်ကွက် ၇ ကို လက်နက်ကြီးများဖြင့် ပစ်ခဲ့ရာ ၄ လသား ကိုယ်ဝန်ဆောင် မိခင်တစ်ဦးကို ဒဏ်ရာရစေခဲ့သည်။ အမျိုးသမီးကို ပထမတွင် မုံးကိုး ဆေးရုံးသို့ သယ်ဆောင် ကုသခဲ့ပြီးနောက် မူဆယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ကံကောင်းစွာပင် သူမ၏ ချက်အနီး စိုက်ဝင်သွားခဲ့သော လက်နက်ကြီးစကို ကလေးငယ်အား မထိခိုက်စေပဲ ဖယ်ရှားနိုင်ခဲ့သည်။ | အမျိုးသမီး ၁ ဦး ဒဏ်ရာရ |
| ၂၀၂၁ ဒီဇင်ဘာ ၂၄ | ဖားကန့်၊ မော်ဝမ်းကလေး၊ | ဒီဇင်ဘာ ၂၄ ရက်တွင် KIA နှင့် စစ်ကောင်စီ တပ် တပ်မ ၃၃ တို့ မော်ဂဋ္ဌုန်၊ ရွာဟောင်း ဆိုင်းတောင် နှင့် မော်ရှမ်း ရွာများအနီးတွင် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဖားကန့်ရှိ တပ်မ ၃၃ က မော်ဝမ်းကလေးကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတလုံးက မြန်မာသူရ ကုမ္ပဏီ နေရာဟောင်းသို့ ကျရောက်ခဲ့ပြီး ကျောက်စိမ်းရှာဖွေနေသော လူတစ်ယောက်ကို သေဆုံးစေပြီး ဦးတူးမိုင် (31 နှစ်) အပါအဝင် အခြား သူ ၅ဦးကို ဒဏ်ရာရစေသည်။ ဦးတူးမိုင်မှာ နောက်ကျောတွင်ရသော ဒဏ်ရာ ပြင်းထန်သောကြောင့် မြစ်ကြီးနား ဆေးရုံသို့ ပို့ခဲ့ရသည်။ | အမျိုးသား ၁ ဦးသေ၊ အမျိုးသား ၅ ဦး ဒဏ်ရာရ |
| ၂၀၂၁ ဒီဇင်ဘာ ၂၅ | မူဆယ်၊ မုံးကိုး၊ ဘန်မွေးရွာ၊ | MNDAA ကိုးကန့်တပ်ဖွဲ့သည် မုံးကိုး၊ ဘန်မွေးရွာတွင် စစ်ကောင်စီ၏ တပ်မ ၇၇ နှင့် တပ်မ ၉၉ တပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တပ်မ ၉၉ က မန်းယန်နှင့် ဖောင်းဆိုင်ရွာတို့ရှိ သူတို့၏ တပ်စခန်းများမှ ဘန်မွေးရွာသို့ လက်နက်ကြီးများဖြင့် ပစ်ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်နေ့က စစ်ရှောင်အနေဖြင့် ထွက်ပြေးခဲ့ပြီး သူ၏ တိ ရ စ္ဆာ န် များ ကို ကြည့်ရန် ပြန်လာခဲ့သည့် တရုတ် ရွာသားတစ်ဦး လက်နက်ကြီးမှန်ပြီး သေဆုံးသွားခဲ့သည်။ | အမျိုးသား ၁ ဦးသေ၊ |
| ၂၀၂၂ ဇန္နဝါရီ ၅ | နမ့်ခမ်းမြို့ | မနက်ပိုင်း ၁၁ နာရီလောက်တွင် TNLA တပ်ဖွဲ့များက ယူနီဖောင်းများဖြင့် နမ့်ခမ်းမြို့တွင်း ဝင်လာပြီးနောက် စစ်တပ်တပ်စခန်း အမှတ် ၁ ရှိ စစ်ကောင်စီ တပ် တပ်မ ၈၈ မှ ရပ်ကွက် ၂ အတွင်းသို့ လက်နက်ကြီး တစ်လုံးပစ်ခဲ့ရာ အိမ်ထောင်စု သုံးခုမှ လူ ၆ ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ အသက် ၄နှစ်၊ ၁ နှစ် ရှိ မိန်းကလေး ၂ ဦး၊ အသက် ၅ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အမျိုးသမီး ၂ ဦး (၅၇ နှစ် နှင့် ၆၀ နှစ်) နှင့် အသက် ၃၁ နှစ်အရွယ် ယောကျ်ားတစ်ဦး တို့ ပါဝင်သည်။ ထိခိုက်ဒဏ်ရာရသူများကို နမ့်ခမ်း ဆေးရုံတွင် ဆေးကုသပေးခဲ့သည်။ | အမျိုးသား ၁၊ အမျိုးသမီး ၂၊ မိန်းကလေး ၂ နှင့် ယောကျ်ားလေး ၁ တို့ ဒဏ်ရာရ |

| | | | |
|---|---|---|---|
| ၂၀၂၂ ဇန္နဝါရီ ၁၂ | မူဆယ်၊ မုံးကိုး မြောက်ပိုင်း နောင်ဟန့်၊ မန်ကန်၊ လွယ်ဆာ၊ ဟူဘန် ရွာများ | ဇန္နဝါရီ ၁၁ ရက်တွင် မုံးကိုးဒေသ နောင်ဟန့်ရွာတွင် MNDAA တပ်နှင့် စစ်ကောင်စီ တပ် တပ်မ ၉၉ တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက် ဇန္နဝါရီ ၁၂ ရက်တွင် လွယ်ဆာတွင် ထပ်မံ ဖြစ်ပွားခဲ့သည်။ မူဆယ် ၁၀၅ မိုင် စခန်းနှင့် ပန်ဆိုင်း- မိုင်းဖန် စခန်းတို့မှ စစ်ကောင်စီ တပ်ဖွဲ့များက နောင်ဟန့်၊ လွယ်ဆာ၊ မန်ကန်၊ ဟူဘန်၊ နှင့် ဆမာ ရွာငါးရွာကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ အိမ်အများအပြား ပျက်စီးခဲ့သည်။ | |
| ၂၀၂၂ ဇန္နဝါရီ ၁၉-၂၁ | မူဆယ်၊ မုံးကိုးမြောက်ပိုင်း ဘန်မွေး နှင့် မန်းယန်ရွာများ | ဇန္နဝါရီ ၁၉-၂၀-၂၁ ရက်များတွင် MNDAA နှင့် စစ်ကောင်စီ တပ် တပ်မ ၇၇ နှင့် ၉၉ တို့အကြား ဘန်မွေးနှင့် မန်းယန်ရွာများအနီးတွင် တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ် တပ်မ ၉၉ က မန်းယန်ရွာ နှင့် ဘန်မွေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ မန်းယန်ရွာမှ အိမ်အားလုံးနီးပါး ပျက်စီးခဲ့သည်။ | |
| ၂၀၂၂ ဖေဖော်ဝါရီ ၁၇ | လားရှိုး၊ လုံတပ်ရွာ | ဖေဖော်ဝါရီ ၁၃ တွင် စစ်ကောင်စီ တပ်ဖွဲ့ တပ်မ ၉၉ သည် MNDAA တပ်များနှင့် လားရှိုး-လွယ်ဂျွတ်ရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်တပ်သည် လေယာဉ်နှစ်စီးသုံး၍ MNDAA ကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် လွယ်ဂျွတ်၊ လုံတပ်၊ ပန်သပြေ၊ ပန်နန်း၊ နှင့် ပန်ကင်အောန်ကျေးရွာများမှ ရွာသား ၆၀၀ ခန့်သည် မိုင်းယော် ရွာသို့ ထွက်ပြေးခဲ့ပြီး မိုင်းယော် ဈေးတွင် နေထိုင်နေခဲ့သည်။ တိုက်ပွဲ ပြီးသွားသော အခါ ပန်နန်းနှင့် လုံတပ်ရွာမှ ရွာသား ၅၀ ခန့်သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် အိမ်ပြန်သွားခဲ့သည်။ လုံတပ်ရွာသို့ သူတို့ ရောက်သော အခါ တပ်မ ၉၉ သည် လက်နက်ကြီးဖြင့် လှမ်းပစ်ခဲ့ရာ လူ ၄ ဦး သေဆုံးပြီး ၄ ဦး ဒဏ်ရာရသည်။ အသက် ၃၂ နှစ်အရွယ် အေးမြနှင့် သူ၏ သမီး (၅နှစ်) အရွယ် အေချမ်း တို့မှာ ဦးခေါင်းကို မှန်သည်။ မိခင်ဖြစ်သူမှာ ပွဲချင်းပြီး သေဆုံးခဲ့သည်။ သမီးဖြစ်သူမှာ မိုင်းယော် ဆေးရုံသို့ ခေါ်ဆောင်သွားပြီးနောက်တွင် သေဆုံးခဲ့သည်။ ဆိုင်းခမ်း (၃၅နှစ်) နှင့် အေချမ်း (၂၆ နှစ်) တို့မှာ နောက်ကျောများတွင် ထိမှန်ပြီး သေဆုံးခဲ့သည်။ အေလော် (၃၅ နှစ်) နှင့် အေစင် (၂၀ နှစ်) တို့မှာ နောက်ကျောတွင် ဒဏ်ရာများရရှိခဲ့ပြီး အသက် ၁၇ နှစ်အရွယ် မိန်းကလေးမှာ သူ၏နောက်ကျောနှင့် လက်တို့တွင် ဒဏ်ရာရသည်။ အသက် ၂၈ နှစ်အရွယ် ယောကျ်ားတစ်ဦးမှာ ဘယ်ခြေထောက်တွင် ဒဏ်ရာရသည်။ | အမျိုးသမီး ၃၊ မိန်းကလေး ၁၊ သေဆုံး၊ အမျိုးသမီး ၂ ကျား ၁ မိန်းကလေး ၁ ဒဏ်ရာရ။ |
| ၂၀၂၂ ဖေဖော်ဝါရီ ၁၇ | မိုးမောက်၊ ဝဝမ်ရွာ | ဖေဖော်ဝါရီ ၁၇ တွင် KIA နှင့် စကစတပ် ခမရ ၄၃၇ တို့ ဝဝမ်ရွာနှင့် ခါနန် ရပ်ကွက် (၃) မိုးမောက်မြို့တွင် မွန်းတည့်ချိန်၌ တိုက်ပွဲဖြစ်သည်။ စကစ တပ်ဖွဲ့များက ခါနန်မှ လက်နက်ကြီးများဖြင့် ဝဝမ်ရွာသို့ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထိုအချိန်တွင် မိုးမောက်မှ အသက် ၅၀ အရွယ် ဦးနိုင်အောင်မှာ ဝဝမ်ရွာတွင် ထင်းမီးယူရန် သွားရောက်ခဲ့ရာ လက်နက်ကြီး တစ်လုံးကြောင့် ဦးခေါင်းတွင် ဒဏ်ရာရခဲ့သည်။ ဗန်းမော် ပြည်သူ့ ဆေးရုံကြီးတွင် ဆေးကုသခံခဲ့ရသည်။ | အမျိုးသား ၁ ဦး ဒဏ်ရာရ |

| | | | |
|---|---|---|---|
| ၂၀၂၂ ဖေဖော်ဝါရီ ၂၄ | ဖားကန့်၊ ကာမိုင်း | ဖေဖော်ဝါရီ ၂၄ ရက်တွင် KIA သည် ကာမိုင်းအနီးရှိ စစ်တပ်ဂိတ် တစ်ခုကို မနက် ၇ နာရီတွင် တိုက်ခိုက်ခဲ့သည်။ ခမရ ၁၁၉ တပ်စခန်း ရှိ စစ်ကောင်စီ တပ် တပ်မ ၃၃ သည် ထိုဒေသ အနီးတဝိုက်ကို လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ စစ်တပ် ဂိတ်အနီးတွင်နေသော အသက် ၅၀ နှစ်အရွယ် ဦးကိုကို မှာ လက်နက်ကြီးထိမှန်သေဆုံးခဲ့သည်။ သူ့သား အသက် ၁၃ နှစ်အရွယ်မှာ ညာဘက်လက်မောင်းနှင့် ခြေထောက်တွင် ဒဏ်ရာရသည်။ | အမျိုးသား ၁ ဦးသေ၊ ယောက်ျားကလေး ၁ ဦး ဒဏ်ရာရ |
| ၂၀၂၂ မေ ၂၇ | မူဆယ်၊ ကောင်းခါးရွာ | မေ ၂၇ ရက်တွင် MNDAA တပ်ဖွဲ့နှင့် နစ်က ခမရ ၄၂၀ တို့ မိုင်းပေါ်ရှိ ဟူဂန်ရွာအနီးတွင် တိုက်ပွဲဖြစ်ပွားသည်။ ညနေ ၄ နာရီခန့်တွင် စစ်ကောင်စီ တပ်မ ၉၉ သည် ကောင်းခါ ရွာကို မုံးပေါ်ရွာမှ လက်နက်ကြီးဖြင့် ပစ်ခဲ့သည်။ လက်နက်ကြီး တစ်လုံးက အရပ်သား အိမ်တလုံးပေါ်ကျပြီး (၅နှစ်) အရွယ် မိန်းကလေး ခန်းဒါ နူးဆန်အောင် ၏ ဘယ်လက်ဖျံတွင် ဒဏ်ရာရခဲ့သည်။ သူ့အမေ၏ ညာဘက်လက်လည်း ဒဏ်ရာရခဲ့သည်။ | အမျိုးသမီး ၁၊ မိန်းကလေးငယ် ၁ ဒဏ်ရာရ |

## ၃။ စကစ တပ်ဖွဲ့များက ပစ်မှတ်မထားပဲ အရပ်သားများကို ရမ်းသမ်း ပစ်ခတ်မှု အသေးစိတ် စာရင်းများ

| ရက်စွဲ | နေရာ | အသေးစိတ်အချက်များ | သေဆုံး ဒဏ်ရာရမှုများ |
|---|---|---|---|
| ၂၀၂၁ နိုဝင်ဘာ ၁ | မုံးကိုး | နိုဝင်ဘာ ၁ ရက်တွင် မုံးကိုးမှ တရုတ်လူမျိုးအမျိုးသား တစ်ဦးသည် သူ၏ တောင်ယာသို့ သွားစဉ် တပ်မ ၉၉ မှ စစ်သားများ၏ ပစ်ခတ်ခြင်း ခံရသည်။ သူသည် ခေါင်းကို ပစ်ခံရပြီး သေဆုံးသွားခဲ့သည်။ | အမျိုးသား ၁ ဦး သေဆုံး |
| ၂၀၂၁ နိုဝင်ဘာ ၂၁ | မူဆယ်၊ မော့တောင်းရွာ | တပ်မ ၉၉ တပ်ဖွဲ့များသည် ညနေပိုင်း ပြောင်းခြံမှ မော်တော်ဆိုင်ကယ်စီးပြီး ပြန်လာသည့် အကြားအာရုံ ချို့တဲ့နေသော အသက် ၅၆ နှစ်အရွယ် လဖိုင်တူးလွန် ကို ပစ်သတ်ခဲ့သည်။ သူ့အလောင်းကို ဝမ်းပိုက်နှင့် နံရိုးကြားတွင် သေနတ်ဒဏ်ရာများနှင့်အတူ တွေ့ရသည်။ PDF တပ်ဖွဲ့ဝင်များ ဝတ်လေ့ရှိသည့် ဂျင်းဘောင်းဘီနှင့် မိုးကာ အင်္ကျီကို သူ့ ခန္ဓာကိုယ်တွင် ဝတ်ဆင်ပေးထားပြီး သူ၏ ပုံမှန် အဝတ်အစားများကို သူ့နံဘေးတွင်တွေ့ရသည်။ သူ့ဖုန်းမှာ ခိုးယူခြင်းခံလိုက်ရသည်။ | အမျိုးသား ၁ ဦး ပစ်သတ်ခံရ |
| ၂၀၂၁ နိုဝင်ဘာ ၂၈ | မိုးညှင်း၊ မော်ဟန်ရွာ | ဝက်များတင်ဆောင်လာသော ကုန်ကားတစ်စီး မော်ဟန် ဂိတ်ကို ရောက်လာသည်။ ကားဆရာက ကားကို ရပ်လိုက်သည်။ သို့သော် ဘရိတ်များမကောင်းသောကြောင့် ကားသည် ဂိတ်ကို အနည်းငယ်ကျော်သွားသည်။ အသက် ၂၅ နှစ်အရွယ် ကားသမားမှာ တောင်းပန်ရန် ကားပေါ်က အဆင်းတွင် စစ်သားများက သေနတ်များဖြင့် ပစ်ခဲ့သည်။ ကားသမားမှာ လက်နှင့် ပေါင်တို့တွင် ဒဏ်ရာများ ရရှိခဲ့ပြီး ကားပေါ်တွင် ပါလာသည့် ဦးသိန်းဇော်ဝင်း (အသက် ၃၁ နှစ်) မှာ ခေါင်းတွင် သေနတ်ထိမှန်ပြီး နေရာတွင်ပင် သေဆုံးခဲ့သည်။ | အမျိုးသား ၁ ဦး ပစ်သတ်ခံရ၊ အမျိုးသား ၁ ဦး ဒဏ်ရာရ |

| | | | |
|---|---|---|---|
| ၂၀၁၁ နိုဝင်ဘာ ၂၈ | မိုးမောက်မြို့ | နိုဝင်ဘာ ၂၈ ရက်တွင် မိုးမောက်မြို့အတွင်းသို့ KIA စစ်သား ၄၀ ခန့် အရပ်ဝတ်များဖြင့် ဝင်ရောက်လာပြီးနောက်တွင် ခမရ ၄၃၇ မှ စစ်သား ၂၀ ခန့်က အရပ်သား အိမ်များ ယာဉ်များကို ရမ်းသမ်းပစ်ခတ်မှုကြောင့် ကြေးနန်းရပ်ကွက်မှ လူ ၃ ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ ၂၂ နှစ်အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦး ခေါင်းနှင့် လက်တွင် ဒဏ်ရာရသည်။ ကားမောင်းလာသော ၃၁ နှစ်အရွယ် အမျိုးသား တစ်ဦးမှာ လက်များတွင် ဒဏ်ရာရခဲ့ပြီး ဆိုင်တစ်ဆိုင်သို့ အစားအစာ လာပေးသူ အမျိုးသား တစ်ဦးမှာ ခြေထောက်များတွင် ဒဏ်ရာရခဲ့သည်။ ကြေးနန်းနှင့် ခါနန်ရပ်ကွက်များရှိ အိမ်နှစ်လုံးမှာ ကျည်ဆံများ ထိမှန် ပျက်စီးခဲ့သည်။ | အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦး ပစ်ခံရပြီး ဒဏ်ရာရ |
| ၂၀၁၁ နိုဝင်ဘာ ၂၉ | မိုးညှင်း၊ လက်ပန်တန်းရွာ | နိုဝင်ဘာ ၂၉ ရက် မနက် ၅ နာရီတွင် နမ္မားနှင့် လက်ပန်တန်း ရွာအကြားတွင် စစ်တပ် ယာဉ်တစ်စီးကို KIA က တိုက်ခိုက်ပြီးနောက် တပ်ရင်းမှ တပ်ဖွဲ့များက အရပ်သား ကား နှစ်စီးဖြင့် မနက် ၆ နာရီတွင် လာရောက်ပြီး ရွာနှစ်ရွာအတွင်းသို့ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်ပန်တန်းရွာမှ အိမ်တစ်လုံး ကျည်ဆံထိမှန်ပျက်စီးခဲ့ပြီး နွားတကောင် သေနတ်မှန် သေဆုံးခဲ့သည်။ | |
| ၂၀၁၁ ဒီဇင်ဘာ ၁၄ | မိုးမောက်မြို့ | ဗန်းမော်မှ လာသော စစ်ယာဉ်တန်းကို မိုးမောက်မြို့အထွက်တွင် KIA က တိုက်ခိုက်ပြီးနောက် တပ်စခန်းတွင်ရှိသော ခမရ ၄၃၇ မှ စစ်သားများက အရပ်သားနေအိမ်များကို ရမ်းသမ်းပစ်ခတ်ရာ နွားတကောင် သေဆုံးသွားခဲ့သည်။ | |
| ၂၀၁၁ ဒီဇင်ဘာ ၁၆ | မြစ်ကြီးနား | ဒီဇင်ဘာ ၁၆ ရက် ညနေ ၇ နာရီတွင် မနောင်ကွင်းအနီးတွင် တာဝန်ချထားသော စစ်သားများက လမ်းပေါ်တွင် မောင်းလာသော ကားတစ်စီးကို ပစ်ခတ်ခဲ့သည်။ ကားပေါ်တွင် ပါလာသော အမျိုးသားတစ်ဦးမှာ ဝမ်းဗိုက်တွင် သေနတ်ထိမှန်ပြီး သေဆုံးသွားခဲ့သည်။ နောက်တရက် ဒီဇင်ဘာ ၁၇ ရက်တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ခက်ထိန်နန်နှင့် စစ်ကောင်စီ အာဏာပိုင်များက မနောင်ကွင်းတွင် ခရစ္စမတ် ဆုတောင်းပွဲ ကျင်းပခဲ့သည်။ | အမျိုးသား ၁ ဦး ပစ်သတ်ခံရ |
| ၂၀၁၁ ဒီဇင်ဘာ ၃၁ | ဗန်းမော် | ဒီဇင်ဘာ ၃၁ ရက်တွင် ဗန်းမော်မှ လူ ၄ ဦးသည် ဗန်းမော်သုံးမိုင် ကျေးရွာသို့ သွားခဲ့ရာ နံနက် ၁၁ နာရီ အချိန် ဆိုင်ကယ်ဖြင့် လမ်းတွင်ရှိစဉ် DENKO ဓါတ်ဆီဆိုင်အနီးရှိနေသော စစ်ကောင်စီတပ်ဖွဲ့များက သူတို့အား ပစ်ခတ်ခဲ့သည်။ အသက် ၃၁ နှစ်အရွယ် အမျိုးသားမှာ ဦးခေါင်းတွင် ဒဏ်ရာ ရရှိခဲ့ပြီး အသက် ၃၆ နှစ်အရွယ် အမျိုးသားမှာ နောက်ကျောတွင် ဒဏ်ရာရခဲ့သည်။ | အမျိုးသား ၁ ဦး ပစ်သတ်ခံရ ၂ ဦး ဒဏ်ရ,ရ |
| ၂၀၂၂ ဇန္နဝါရီ ၈ | ဗိုင်းမော်၊ ဝူယန်ရွာ | စစ်တပ်လက်အောက်ခံ လီဆူ ပြည်သူ့စစ်ကို ဝူယန်ဂိတ်တွင် KIA က နံနက် ၅ နာရီတွင် တိုက်ခိုက်ပြီးနောက် လီဆူ ပြည်သူ့စစ်များက ဝူယန် ရွာအတွင်းသို့ ရမ်းသမ်းပစ်ခတ်ရာ ကားတစ်စီးထိမှန် ပျက်စီးသွားခဲ့သည်။ | |

| | | | |
|---|---|---|---|
| ၂၀၂၂ ဖေဖော်ဝါရီ ၁ | မြစ်ကြီးနား | ဖေဖော်ဝါရီ ၁ ရက်တွင် မြစ်ကြီးနား လေးကုန်း ရဲစခန်းတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ထို့နောက်တွင် စစ်ကောင်စီ စစ်တပ်က အရပ်သား အိမ်များကို ရမ်းသမ်းပစ်ခတ်ခဲ့ရာ အိမ်တွင် အိပ်ပျော်နေသော မောင်ဘုန်းခန့်ဋ္ဌေးခေါ် အသက် ၇ နှစ်အရွယ် ယောက်ကျားလေး တစ်ဦး သေဆုံးသွားခဲ့သည်။ ရင်ဘတ်တွင် သေနတ်ကျည်ဆံ ထိမှန်ခဲ့ခြင်း ဖြစ်သည်။ | ယောက်ကျားလေး ၁ ဦး ပစ်သတ်ခံရ |
| ၂၀၂၂ ဖေဖော်ဝါရီ ၄ | ဖားကန့်၊ ဆိုင်းဖရာ ရွာ | ဆိုင်းဖရာ ရွာမှ အသက် ၄၁ နှစ်အရွယ် ညာခြေထောက်မသန်သူ ချင်လေဆင်ဆား နှင့် အသက် ၆၅ နှစ်အရွယ် အမျိုးသား တစ်ဦးတို့သည် ဆိုင်းဖရာ ရွာအနီးရှိ ချင်လေဆင်ဆား၏ တောင်ရွာတွင် နေထိုင်အလုပ်လုပ်ကြသည်။ ဖေဖော်ဝါရီ ၃ ရက်တွင် စကစ တပ်မ ၃၃ တပ်ဖွဲ့များနှင့် KIA တပ်များအကြား တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီ တပ်များသည် မနက် ၈ နာရီခန့်တွင် တောင်ယာအနီးသို့ ရုတ်တရက် ချည်းကပ် လာသောကြောင့် အမျိုးသား နှစ်ဦးမှာ တယောက်တလမ်း ထွက်ပြေးခဲ့ကြသည်။ ချင်လေဆင်ဆားမှာ မသန်စွမ်းသူ ဖြစ်သဖြင့် အမြန်မပြေးနိုင်ပေ။ မွန်းလွဲပိုင်းတွင် ရရိုင် အမျိုးသားမှာ ချင်လေဆင်ဆား၏ အိမ်သို့ ရောက်ရှိလာပြီး မိသားစုအား အဖြစ်အပျက်ကို ပြောပြသည်။ သို့သော်လည်း တိုက်ပွဲ ဆက်ဖြစ်နေသောကြောင့် သူတို့သည် ချင်လေဆင်ဆားကို ဖေဖော်ဝါရီ ၁၀ ရက်ရောက်သည်အထိ ရှာဖွေခြင်းမပြုနိုင်ခဲ့ပေ၊ နောက်တစ်ရက်တွင် သူ၏ အလောင်းကို တွေ့ရှိခဲ့ကြသည်။ သူသည် ခေါင်းတွင် သေနတ်ဒဏ်ရာရရှိထားပြီး သူ၏ အလောင်းကို သူ၏ တောင်ယာတွင် မြှုပ်ထားသည်။ ထိုနေရာတွင် KIA ၏လက်နက်ထိသေဆုံးထားရပုံရသော မြန်မာစစ်သား စစ်သား ၄ ဦး၏ အလောင်းကိုလည်း ထိုနေရာတွင် မြှုပ်ထားသည်ကို တွေ့ရသည်။ | အမျိုးသား ၁ ဦး ပစ်သတ်ခံရ |
| ၂၀၂၂ ဖေဖော်ဝါရီ ၁၅ | ပူတာအို၊ ဖတ်မာရွာ | ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် မနက် ၈ နာရီတွင် KIA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များသည် ဖတ်မာရွာတွင် နေရာချထားသော ခလရ ၄၆ မှ စစ်ကောင်စီ တပ်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ လက်ထက်ပြီးခါစ ဇနီးမောင်နှံ နှစ်ဦးမှာ မော်တော်ဆိုင်ကယ်ဖြင့် ရွာမှ ထွက်ပြေးရန် ကြိုးစားနေစဉ် သူတို့ နှစ်ဦးမှာ လမ်းပေါ်တွင် ပစ်သတ်ခံရသည်။ ယောကျ်ားဖြစ်သူ အသက် ၂၃ နှစ်အရွယ် ငွားဇီတာ မှာ ဝမ်းဗိုက်နှင့် ခြေထောက်များတွင် ထိမှန်ခဲ့သည်။ သူ့မိန်းမ အသက် ၂၀ အရွယ် ဂျာလီဒွဲမှာ ရင်ဘတ်တွင် ထိမှန်ခဲ့သည်။ နောက်တနေ့တွင် ခင်ပွန်းဖြစ်သူ၏ ညီဖြစ်သူနှင့် ရွာလူကြီးတို့ အလောင်း သွားကောက်ခဲ့ရာ စစ်ကောင်စီ တပ်ဖွဲ့များကို သူတို့ကို မော်တော်ဆိုင်ကယ် ရပ်ခိုင်းသည်ကို မရပ်သဖြင့် ပစ်ခတ်ခဲ့သည်ဟု ပြောသည်။ | အမျိုးသား ၁ ဦး အမျိုးသမီး ၁ ဦး ပစ်သတ်ခံရ |
| ၂၀၂၂ ဖေဖော်ဝါရီ ၁၇ | မိုးမောက်၊ ဝဝမ်ရွာ | ဖေဖော်ဝါရီ ၁၇ ရက်တွင် KIA နှင့် စစ်ကောင်စီ ခမရ ၄၃၇ တပ်ဖွဲ့များ မွန်းတည့်ချိန်တွင် ဝဝမ်ရွာအနီးနှင့် မိုးမောက်မြို့ ခါနန်းရပ်ကွက်၃ တို့တွင် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထိုအချိန်တွင် အသက် ၅၀ အရွယ် ဦးနိုင်အောင်က ဝဝမ်ရွာသို့ ထင်းမီးယူရန် သွားရောက်ခဲ့သည်။ ဝဝမ်ရွာသို့ သွားသည့် လမ်းတွင် ထိုသူမှာ စစ်ကောင်စီ တပ်များ၏ ပစ်ခတ်မှုကြောင့် ဦးခေါင်းတွင် ဒဏ်ရာရရှိပြီး ဗန်းမော် ပြည်သူ့ ဆေးရုံတွင် ဆေးကုသမှု ခံခဲ့ရသည်။ | အမျိုးသား ၁ ဦး ဒဏ်ရာရ |

| | | | |
|---|---|---|---|
| ၂၀၂၂ ဖေဖော်ဝါရီ ၁၈ | မိုးမောက်မြို့ | ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အသက် ၃၇ နှစ်အရွယ် လဖိုင်လပါ နှင့် ၅၅ နှစ်အရွယ် ဂရိန်တိန့်နန် တို့သည် ဗန်းမော်မြို့မှ မိုးမောက်ရှိ သူတို့အိမ်သို့ ည ၉ နာရီတွင် ပြန်လာကြသည်။ သူတို့ မိုးမောက် စစ်စခန်း ခမရ ၄၃၇ အနားသို့ ရောက်လာသောအခါ မြန်မာစစ်တပ်က သူတို့ကို သေနတ်ဖြင့် ပစ်ခဲ့သောကြောင့် သေလုမျောပါး ဒဏ်ရာရရှိခဲ့သည်။ လဖိုင် လပါမှာ ပါးစပ်တွင် ဂရိန်တိန့်နန်မှာ မျက်စိတွင် သေနတ်ထိမှန်ခဲ့သည်။ ထိုညတွင် စစ်တပ်က သူတို့၏ အလောင်းများကို မိုးမောက် ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ | အမျိုးသား ၂ ဦး ပစ်သတ်ခံရ |

## ၄။ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ အရပ်သားများအား အဓမ္မလုပ်အားနှင့် လူသားဒိုင်း အဖြစ် အသုံးပြုခြင်း အသေးစိတ် စာရင်းများ

| ရက်စွဲ | နေရာ | အသေးစိတ် | ဖမ်းဆီး၊ နှိပ်စက်ခံရသူ အရေအတွက် |
|---|---|---|---|
| ၂၀၂၁ နိုဝင်ဘာ အစောပိုင်း | အင်ဂျန်းယာန်၊ ဆနီတူးယန်ရွာ | တိရစ္ဆာန်များကြည့်ရန် ပြန်လာသော စစ်ရှောင် ၆ ယောက်ကို စစ်ကောင်စီ တပ်သား ၁၀၀ က ဖမ်းဆီးပြီး တစ်နာရီကြာအောင် ခြုံရှင်းခိုင်းသည်။ | အမျိုးသား ၆ ယောက် အဖမ်းခံရ၊ အဓမ္မ လုပ်အား စေခိုင်းခံရ |
| ၂၀၂၁ နိုဝင်ဘာ ၂၅ | ဗန်းမော်၊ ပေါက်ကုန်းရပ်။ | PDF များကို ထောက်ပံ့သည်ဟု စွပ်စွဲချက်ဖြင့် အမျိုးသား တစ်ဦး ဖြစ်သူ နော်နော်နှင့် သူ၏ မိဘများကို စစ်တပ်နှင့် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ နောက်တရက်တွင် မိဘများ ပြန်လွတ်လာသော်လည်း နော်နော်မှာ ဗန်းမော် ရဲစခန်းတွင် ချုပ်နှောင်ခံထားရသည်။ | အမျိုးသား ၁ ဦးနှင့် မိဘများ ဖမ်းခံရ |
| ၂၀၂၁ နိုဝင်ဘာ ၂၅ | ဗန်းမော်၊ ဟန်တဲရပ်။ | ဘရန်ဆန်းအောင် ကို PDF များအား ထောက်ပံ့သည်ဟု ဆိုကာ သူ၏ အိမ်တွင် လာရောက် ဖမ်းဆီးသွားခဲ့သည်။ သူ့ကို ဗန်းမော်ရဲစခန်းသို့ ခေါ်သွားသည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ |
| ၂၀၂၁ နိုဝင်ဘာ ၂၈ | မြစ်ကြီးနား၊ ၁၀ မိုင်ရွာ | ညနေ ၄ နာရီခန့်တွင် စစ်ကောင်စီ တပ်ဖွဲ့များသည် အရပ်သား ကားနှစ်စီးဖြင့် အမျိုးသား ၂ ဦး (၃၉ နှစ်စီ) နှင့် အမျိုးသမီးတစ်ဦး (၃၁ နှစ်) တို့၏ အိမ်ကို ရောက်လာသည်။ သူတို့အား PDF နှင့် KIA များကို ကူညီသည်ဟု ဆိုကာ ဖမ်းသွားသည်။ သူတို့ကို မြစ်ကြီးနားရှိ ခလရ ၃၇ တပ်ရင်းသို့ ခေါ်ဆောင်သွားပြီး သေနတ်များ ဒုတ်များဖြင့် ရိုက်နက်ကာ KIA နှင့် PDF အဖွဲ့ဝင်များဖြစ်ကြောင်း ဝန်ခံခိုင်းသည်။ | အမျိုးသား ၂ ဦး အမျိုးသမီး ၁ ဦး ဖမ်းဆီးခံရပြီး ရိုက်ခံရ |

| | | | |
|---|---|---|---|
| | | ၃၉ နှစ်အရွယ် နော်ဆန့် မှာ ပြင်းပြင်းထန်ထန်ရိုက်ခံရသောကြောင့် နံရိုး နှစ်ချောင်းအက်သွားသည်။ (ယောက်ျားလျာ) အမျိုးသမီး မှာလည်း စစ်သားများက မိန်းကလေး ဖြစ်ကြောင်း မသိသေးသည့်အချိန်ထိ သူ့တစ်ကိုယ်လုံးကို သေနတ်နှင့် ဒုတ်များဖြင့် ရိုက်နက်ခံခဲ့ရသည်။ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ PCG က ဝင်ရောက် တောင်းဆိုသဖြင့် ည ၉ နာရီတွင် ၃ ယောက်စလုံးကို ပြန်လွှတ်ပေးခဲ့သည်။ | |
| ၂၀၂၁ နိုဝင်ဘာ ၂၈ | မိုးမောက်မြို့ | ခမရ ၄၃၇ မှ တပ်ဖွဲ့များက အမျိုးသား ၆ ဦးကို ဖမ်းဆီးပြီး ချဲယန်ရပ်ကွက်မှ မိုးမောက် အထက်တန်းကျောင်းသို့ တစ်နာရီခန့် ခရီးအတွက် လမ်းလျှောက်ရာတွင် လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ထို့နောက် သူတို့အား ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၆ ဦး လူသားဒိုင်းအဖြစ် အသုံးပြု ခံရ |
| ၂၀၂၁ ဒီဇင်ဘာ ၁ | ဗန်းမော်မြို့ | စကစ စစ်တပ်က အမျိုးသား ၄ ဦး (မျိုးမင်းကို၊ ဖြိုးပြာ၊ ရှောကလေးနှင့် တစ်ဦး) ကို သူတို့၏ နေအိမ်များတွင် ဖမ်းဆီးခဲ့သည်။ သူတို့ကို ဘယ်မှာထားရှိသည်ကို မသိရပါ။ | အမျိုးသား ၄ ဦး ဖမ်းခံရ |
| ၂၀၂၁ ဒီဇင်ဘာ ၄ | မိုးမောက်၊ လုံးဂျာရွာ | မိုးမောက် အခြေစိုက် ခမရ ၄၃၇ မှ စကစ စစ်သား ၈၀ ခန့်သည် လုံဂျာ ရွာအနီးတွင် လယ်တောမှပြန်လာသော ရွာသား ၁၁ ဦး (အမျိုးသား ၅ ဦး၊ အမျိုးသမီး ၆ ဦး) ကို ဖမ်းဆီးခဲ့သည်။ စစ်သား ၅၀ ခန့်က ယောကျ်ားများကို လုံဂျာ တောင်တန်းများအနီးသို့ လူသားဒိုင်းများအဖြစ် ခေါ်ဆောင် သွားပြီး စစ်သား ၃၀ ခန့်က မိုးမောက်သို့ ပြန်ရာ လမ်းတွင် အမျိုးသမီးများကို သူတို့ အကြားတွင် လမ်းလျှောက်ခြင်းဖြင့် လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ မိုးမောက်မြို့ရောက်သည့်အခါ သူတို့ ပြန်လွှတ်လာသည်။ အမျိုးသားများမှာ လုံဂျာတောင်အနီးတွင် တညအိပ်ခဲ့ရပြီး စစ်သားများနှင့် အတူ မိုးမောက်သို့ လမ်းလျှောက် ပြန်ခဲ့ရပြီး သူတို့အား မိုးမောက်တွင် ပြန်လွှတ်ပေးလိုက်သည်။ | အမျိုးသမီး ၆ ဦး အမျိုးသား ၅ ဦး ဖမ်းခံရ ၂၀၂၂ မတ် ၇ |
| ၂၀၂၁ ဒီဇင်ဘာ ၁၂ | ပူတာအို | စစ်ကောင်စီ တပ်များက အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးကု PDF အဖွဲ့ဝင်ဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့သည်။ မိသားစုဝင်များ သူ့ကိုတွေ့ခွင့်ရသည့်အခါ သူ့မျက်နှာ၊ ခေါင်းနှင့် ခန္ဓာကိုယ်ပေါ်တွင် နှိပ်စက်ညှင်းပမ်းသည့် လက္ခဏာများ တွေ့ရသည်။ သူ့ကို ပူတာအိုထောင်တွင် ပုဒ်မ ၁၇/၁ ဖြင့် ထောင်ချထားသည်။ | အမျိုးသား ၁ ဦးဖမ်းခံရပြီး နှိပ်စက်ခံရ. |
| ၂၀၂၁ ဒီဇင်ဘာ ၁၃ | ပူတာအို | စစ်ကောင်စီတပ်ဖွဲ့များကအသက်၃၀အရွယ်အမျိုးသားတစ်ဦးကို ပြန်မလွှတ်မီအထိ ပူတာအို ရဲစခန်းတွင် တညတာ ထိန်းသိမ်းပြီး ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ |
| ၂၀၂၁ ဒီဇင်ဘာ ၁၄ | ဝိုင်းမော်၊ ဝါရှောင် | စစ်ကောင်စီ တပ်ဖွဲ့များက နံနက်စျေးတွင် အသက် ၃၀ အရွယ် ရွာသားတစ်ဦးကို KIA နှင့် ဆက်သွယ်သည်ဆိုကာ ဖမ်းဆီးသွားခဲ့သည်။ သူဘယ်မှာ ရှိသည်ဆိုသည်ကို မသိရပါ။ | အမျိုးသား ၁ ဦး ဖမ်းခံရ |
| ၂၀၂၁ ဒီဇင်ဘာ ၁၉ | ပူတာအို | စစ်ကောင်စီ တပ်ဖွဲ့များက PDF များနှင့် ဆက်သွယ်မှု ရှိသည်ဟု ဆိုကာ ပူတာအို အထွေထွေ အုပ်ချုပ်ရေး ရုံးက ဝန်ထမ်းတစ်ဦးကို ဖမ်းဆီးသွားခဲ့သည်။ | အမျိုးသမီး ၁ ဦး ဖမ်းခံရ |

| | | | |
|---|---|---|---|
| ၂၀၂၂ ဇန္နဝါရီ ၃ | ပူတာအို၊ နောင်မွန်း | လူငယ်အမျိုးသား ရမ်ဆင်းကို စစ်ကောင်စီ တပ်ဖွဲ့များက မတ်လ ၃ ရက်က နောက်မွန်းတွင် ပြုလုပ်သည့် "မြန်မာနိုင်ငံတွင် တရားမျှတမှုရရှိရေး" ဆုတောင်းပွဲတွင် ပါဝင်သည့်အတွက် ဖမ်းဆီးသွားခဲ့သည်။ ၂၀၂၂ ခုနစ် ဇန္နဝါရီ ၆ ရက်တွင် သူ့အား ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲပြီး ပူတာအိုထောင်တွင် ထောင်ချထားသည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ |
| ၂၀၂၂ ဇန္နဝါရီ ၄ | ဖားကန့်၊ ကပ်မော်ဖွပ်ရွာ | ဖားကန့် အခြေစိုက် တပ်မ ၃၃ မှ အင်အား ၈၀ ခန့်သည်ကာမိုင်းသို့ ခြေလျင်ခရီးလာစဉ် KIA တပ်များက ဆိုင်ပရာ ရွာအနီးတွင် မနက် ၉း၄၉ တွင် တိုက်ခိုက်ခဲ့သည်။ ထို့နောက်တွင် စစ်ကောင်စီ တပ်ဖွဲ့များက ရွာသား ၈ ယောက် (တောင်ယာလုပ်နေကြသော ဆိုင်းဖရာမှ ၆ ဦးနှင့် ကပ်မော်ဖွပ်မှ ၂ ဦး) ကို ဖမ်းဆီးခဲ့ပြီး လမ်းတလျှောက်တွင် သူတို့ကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ နောက်တနာရီအကြာ သူတို့ နမ့်ယာရွာသို့ ရောက်သောအခါ စစ်သားများက ရွာသားများကို မိုင်းထောင်သည့် ကိစ္စများနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းပြီး ပြန်လွှတ်ပေးခဲ့သည်။ ထိုအချိန်တွင် ရွာသားနှစ်ဦးဖြစ်သော ဆိုင်းဖရာရွာမှ ဇော်မုန်ရာ (၁၉နှစ်)နှင့် ကပ်မော်ဖွပ်ရွာမှာ ယောဟန် (၃၈ နှစ်) တို့မှာ နမ့်ယာသို့ မီးသွေးလာယူစဉ် ဖမ်းဆီးခြင်းခံလိုက်ရသည်။ စစ်သားများက သူတို့ကို ခြေထောက်နှင့် ကန်ကာ ရိုက်နှက်ပြီး မြေမြှုပ်မိုင်းကို ဘယ်သူထောင်သနည်းဟု မေးမြန်းခဲ့သည်။ ဒေသခံ လူထု ခေါင်းဆောင်များက နမ့်ယာစခန်းသို့ လာရောက်တောင်းဆိုသည့် အခါမှသာ ည ၇ နာရီတွင်လွှတ်ပေးခဲ့သည်။ ယောဟန်တွင် ပြင်းထန်သော ဦးခေါင်းဒဏ်ရာရခဲ့ပြီး နောက်နေ့ မနက်တွင် မြစ်ကြီးနား ပြည်သူ့ဆေးရုံတွင် ဆေးကုသခြင်း ခံရသည်။ | အမျိုးသား ၁၀ ဦး ဖမ်းခံရ၊ ၈ ဦး လူသားဒိုင်းအဖြစ် သုံးခံရ၊ ၂ ဦး နှိပ်စက်ခံရ |
| ၂၀၂၂ ဇန္နဝါရီ ၇ | ဗန်းမော် | ကျောင်းဆရာမ ဒေါ်အိကို CDM တွင် ပါဝင်သည်ဟု စွပ်စွဲလျက် စစ်ကောင်စီက ဖမ်းဆီးသွားခဲ့သည်။ | အမျိုးသမီး ၁ ဦး ဖမ်းခံရ |
| ၂၀၂၂ ဇန္နဝါရီ ၈ | ဝိုင်းမော်၊ ဂူယန်ရွာ | ဂူယန်ရှိ စစ်ကောင်စီ လက်အောက်ခံ လီဆူပြည်သူ့စစ်ဂိတ်ကို KIA က မနက် ၅ နာရီတွင် တိုက်ခိုက်ပြီးနောက်တွင် လီဆူပြည်သူ့စစ်များက ဂူယန်မှ အရပ်သား အမျိုးသားတစ်ဦးကို ဖမ်းဆီးသွားခဲ့သည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ |
| ၂၀၂၂ မတ် ၇ | ပူတာအို၊ ဆွမ်ပီယန်ရွာ | မတ်လ ၃ ရက်တွင် စကစ တပ်ဖွဲ့များက ဆွမ်ပီယန်ရွာထဲ့သို့ ဝင်ရောက်သွားပြီးအရပ်သားနေအိမ်များတွင် နေထိုင်နေကြသည်။ မတ်လ ၇ ရက်နေ့တွင် တောထဲသို့ ထွက်ပြေးသွားခဲ့သည့် ရွာသား ၂ ဦးဖြစ်သော ဆိုင်းအောင် (၂၅နှစ်) နှင့် ဆင်ဝါးနော် (၃၉ နှစ်) တို့မှာ အစားအစာအချို့ယူရန် အိမ်သို့ ပြန်လာခဲ့ကြသည်။ စကစ တပ်ဖွဲ့များက သူတို့ကို ဖမ်းဆီးပြီး ရွာထဲတွင် တစ်ည ထိန်းသိမ်းထားခဲ့သည်။ စစ်သားများက နောက်နေ့မနက်တွင် သူတို့ကို ပြန်လာရင် ပစ်သတ်မည်ဟု ခြိမ်းခြောက်ကာ ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၂ ဦး ဖမ်းခံရ |

| | | | |
|---|---|---|---|
| ၂၀၂၂ မတ် ၂၈ | ဗန်းမော်မြို့ | မတ်လ ၂၈ ရက် ၁၀ နာရီတွင် စစ်ကား နှစ်စီးနှင့် ရဲကား တစ်စီးတို့ကို ဗန်းမော် PDF များက ရေဘတ် စစ်ရှောင်စခန်းအနီးတွင် ဗုံးဖြင့် တိုက်ခိုက်ခဲ့သည်။ ထို့နောက်တွင် အသက် ၂၉ နှစ်အရွယ် စစ်ရှောင်တစ်ဦး သည် ဆိုင်ကယ်ပြင်ဆိုင်သို့ သွားရာတွင် စခန်းနံဘေးတွင် စစ်တပ်နှင့် ရဲတို့က သူ့ကို ရပ်ခိုင်းခဲ့သည်။ သူသည်မျက်နှာနှင့် ခန္ဓာကိုယ်များကို ပါးရိုက်ခြင်းကန်ကြောက်ခြင်း ခံရပြီး ဗုံးနှင့် ပတ်သက်၍ မေးမြန်းခံရသည်။ ထို့နောက် သူ့ကို ဗန်းမော် ရဲစခန်းသို့ ဖမ်းသွားခဲ့ပြီး နောက်တကြိမ်ထပ်မံ စစ်ဆေးကာ စစ်သား ၅ ယောက်က ရိုက်နှက်ခဲ့သည်။ တစ်နာရီခန့်ကြာသည့်အခါ သူ၏ မျက်နှာကို သူတို့က အဝတ်ဖြင့်အုပ်ပြီး နောက်ထပ်တနေရာသို့ ကားဖြင့် ခေါ်ဆောင်သွားခဲ့သည်။ စစ်သားတစ်ဦးက သူ့ကို စစ်ဆေး မေးမြန်းကာ တစ်နာရီခန့်ကြာအောင် သေနတ်များ ဒုတ်များဖြင့် ရိုက်နှက်ခဲ့သည်။ ညနေပိုင်းတွင် သူ့ကို ဗန်းမော်ရဲစခန်းသို့ ကားဖြင့် ပြန်ခေါ် လာပြီး စစ်ရှောင်စခန်း ခေါင်းဆောင်နှင့် မိသားစုဝင်များက သူ့ကို အိမ်သို့ ပြန်ခေါ် လာနိုင်ခဲ့ကြသည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ၊ နှိပ်စက်ခံရ |
| ၂၀၂၂ မတ် ၃၀ | နမ္မတူ။ ဆင်လီ ကောင်ရာရွာ၊ | တပ်မ ၁၀၁ မှ စကစ စစ်သား ၁၀၀ ခန့်နှင့် KIA တို့ မတ်လ ၂၈ နှင့် ၃၀ ရက်များတွင် ဆင်လီကောင်ရာတွင် တိုက်ပွဲဖြစ်ပွားနေစဉ် ရွာသားအများစုမှာ တောများအတွင်း သို့မဟုတ် နမ္မတူ KBC ဘုရားကျောင်းသို့ ထွက်ပြေးခဲ့သော်လည်း သူတို့၏ အိမ်များကို စောင့်ရှောက် ကျန်နေရစ်သည့် ရွာသား ၃ ဦးဖြစ်သည့် ပေါင်းဆာ့နော်ဂျာ၊ အင်ခွန်နော်တောင်၊ နှင့် လဗျနော်လာတို့ မတ်လ ၃၀ ရက်တွင် ဖမ်းဆီးခံရပြီး စကစ စစ်သားများနှင့် အတူ နမ္မတူ တပ်စခန်းအထိ စကစ စစ်သားများအကြားတွင် လမ်းလျှောက် လိုက်ပါစေခဲ့သည်။ နောက်တနေ့တွင် သူတို့ကို ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၃ ဦး လူသားဒိုင်းအဖြစ် အသုံးပြုခံရ |

## ၅။ ကွတ်ခိုင်တွင် မြန်မာ စစ်သားမှ မုဒိမ်းကျင့်ရန် ကြိုးပမ်းခြင်း အသေးစိတ် အချက်အလက်များ

ရှင်သန်လွတ်မြောက်သူ အမည်။ လွမ်းမိုင် (အမည်ရင်းမဟုတ်)
အသက်။ ၅၀ နှစ်
ဖြစ်ပွားသည့် ရက်စွဲ။ ၂၀၂၂ ဧပြီလ ၁၂ ရက်။
ဖြစ်ပွားသည့် နေရာ။ ရှင်သန်လွတ်မြောက်သူ ၏ အိမ်အပြင်ဘက်၊ ဟူနောင်ရွာ၊ ကွတ်ခိုင်။

၂၀၂၂ ခုနှစ် ဧပြီ ၁၀ ရက် ညသန်းခေါင်နှင့် ဧပြီ ၁၁ ရက် မနက် ၂ နာရီအကြားတွင် ကွတ်ခိုင်မှ မူဆယ်သို့ စစ်ကား အစီး ၄၀ ခန့် ပါသော ယာဉ်တန်း သွားခဲ့သည်။ လမ်းခရီးအတွင်း (ကွတ်ခိုင်မြောက်ဖက် ၁၀ ကီလိုခန့်အကွာ) ဟူနောင်ရွာထိပ်သို့ ရောက်သော အခါ ယာဉ်တန်းမှာ ဗုံးခွဲ တိုက်ခိုက်ခြင်း ခံရသည်။ ထို့နောက် ဧပြီ ၁၁ ရက် နံနက်စောစောတွင် ခမရ ၃၃၆ မှ တပ်ဖွဲ့ဝင် ၂၀ ခန့်သည် ဟူနောင် ရွာအတွင်းတွင် ရွာပတ်ပတ်လည်တွင် လုံခြုံရေး ရယူသည်၊ ရွာသား နှစ်ဦး၏ အိမ်တွင် စခန်းချသည်။ ခမရ ၃၃၆ မှာ ဖယ်ခံ အခြေစိုက်တပ်ရင်းဖြစ်ပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ ဖြစ်ကာ ကွတ်ခိုင်-မူဆယ် လမ်းမကြီး လုံခြုံရေး ပေးရန်အတွက် (ဟူနောင်ရွာ တောင်ဘက် ၁ ကီလို ခွဲခန့်အကွာ လမ်းမကြီးပေါ် ရှိ) နမ့်ဂွတ်ရွာတွင် ယာယီ စခန်းချနေသည်။

ရှင်သန်လွတ်မြောက်သူ  လွမ်းမိုင်မှာ ဟူနောင်ရွာတွင် သူ၏ ခင်ပွန်းဖြစ်သူနှင့် နေထိုင်သည်။ သူမတွင် ကလေးနှစ်ယောက်ရှိသော်လည်း ဟူနောင်ရွာတွင် အတူနေထိုင်ခြင်းမရှိပါ။ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေ့တွင် ရှင်သန်လွတ်မြောက်သူ ၏ ခင်ပွန်းဖြစ်သူမှာ အခြား ရွာတရွာတွင် အိမ်သစ်တက် အခမ်းအနားရှိသဖြင့် သွားနေသည်။

ဧပြီလ ၁၂ ရက် နံနက် ၈ နာရီခွဲခန့်တွင် လွမ်းမိုင်သည် အနီးအနားရှိ ဟူနောင်ရွာ၏ ရွာလူကြီးဖြစ်သော အစ်ကိုဖြစ်သူ၏ ခြံထဲတွင် ကူညီရန် သွားရောက်ခဲ့သည်။ သို့ရာတွင် ထိုမနက်ပိုင်းက အရေးပေါ် ကိစ္စရှိသဖြင့် အပြင်ထွက်နေသောကြောင့် လွမ်းမိုင်က ခြံတွင် ကူလုပ်ရန် အစီအစဉ်ကို နောက်တနေ့သို့ ရွှေ့ဆိုင်းလိုက်ပြီး အိမ်သို့ နံနက် ၉ နာရီခန့်တွင် ပြန်လာခဲ့သည်။ သူ့အစ်ကိုအိမ်နှင့် သူ့အိမ်မှာ ၁၀ မိနစ်ခန့်လမ်းလျှောက်ရသည်။

သူအိမ်သို့ လမ်းလျှောက်ပြန်လာစဉ် မြန်မာစစ်သား တစ်ယောက်သူ့နောက်လိုက်လာသည်ကို သတိထားမိသောကြောင့် သူက ခြေလှမ်းမြန်မြန်လျှောက်ကာ သူ့ခြံထဲသို့ ဝင်လိုက်သည်။ စစ်သားမှာ ယူနီဖောင်းဝတ်ထားပြီး သေနတ်ကိုင်ထားသည်။ အသက် ၃၀ ခန့်ရှိပြီဖြစ်သည်။ သူခြံထဲ ဝင်လာစဉ်တွင် စစ်သားက သူ့မကို "မင်းအိတ်ထဲမှာ ဘာတွေပါသလဲ" ဟု မေးရာ သူက "ဘာမှမပါဘူး" ဟု ပြန်ဖြေခဲ့သည်။ ထို့နောက်တွင် စစ်သားက သူ့မကို ဖမ်းချုပ်လိုက်ပြီး သူမ၏ ခန္ဓာကိုယ်ကို လိင်ပိုင်းဆိုင်ရာအရ ကိုင်တွယ်မှုများစလုပ်ခဲ့သည်။ သူမ ကြောက်လန့်သွားပြီး စတင်အော်ဟစ်လိုက်သည်။ ထိုအခါ စစ်သားက သူမ၏ ခေါင်းနှင့် ခန္ဓာကိုယ်ကို လက်သီးများဖြင့် ထိုးသည်။

သူမ၏ မောင်ဖြစ်သူ၏ ခြံမှာ သူ့အိမ်နံဘေး ပေ ၂၀၀ ခန့်ဝေးသည်။ ထိုအချိန်က သူ့မောင်နှင့် သားဖြစ်သူမှာ ခြံစည်းရိုး ပြင်ဆင်နေချိန်ဖြစ်သည်။ သူ့အော်မသံကို သူတို့ကြားသည့်အခါ ဖခင်ဖြစ်သူက သားကို "သွားကြည့်စမ်း၊ တယောက်ယောက် ခွေးကိုက်ခံရတာလား မသိဘူး" ဟု ပြောလိုက်သည်။ သားဖြစ်သူက လွမ်းမိုင်၏ အိမ်အတွင်း သွားသည့်အခါ စစ်သားက သူမ၏ ခေါင်းကို ရိုက်နှက်နေပြီး လည်ပင်းစညှစ်နေသည်ကို တွေ့လိုက်သည်။ စစ်သားက ယောက်ကျားလေး ကို တွေ့သည့်အခါ သူ့သေနတ်ဖြင့် ခြောက်လှန့်လိုက်ပြီး ရွာအတွင်း သူတို့တပ်ဖွဲ့ စခန်းချရာ နေရာဘက်သို့ ထွက်သွားခဲ့သည်။ ယောက်ကျားလေး က သူ့အဖေရှိရာသို့ အမြန်သွားပြီး တွေ့မြင်ခဲ့သည်ကို ပြောပြသည်။

ဖခင်ဖြစ်သူက စဉ်းစားချက်မြန်သည်၊ သူ့အနေဖြင့် ကျူးလွန်သူ မည်သူဖြစ်သည်ကို ဖော်ထုတ်ရန် လိုသည်ကို နားလည်လိုက်သည်၊ ထို့ကြောင့် သူက စစ်သား လုံခြုံရေး ယူနေသော နေရာကို ဖြတ်လမ်းက သွားလိုက်သည်။ စစ်ကြောင်းမှူးက ကျူးလွန်ခဲ့သူကို မေးမြန်းနေသည်ကို သူမြင်သည်။ "မင်းဘယ်သွားတာလဲ၊ ဘာလို့ဒီမှာ ရှိမနေတာလဲ"။ ထို့နောက် စစ်ကြောင်းမှူးက သူ့ကို တချက်ရိုက်သည်။ မည်သူမျှ သူ့ကို မတွေ့ပါ။ စစ်သားကို ချက်ချင်း တွေ့ဆုံ ပြီး ပြဿနာရှင်းပါက သူ့ကို တိုက်ခိုက်မည်ကို စိုးရိမ်သောကြောင့် အိမ်ကို ပြန်လာခဲ့သည်။

သူအိမ်ပြန်ရောက်သောအခါ သူက ရွာသူကြီး၊ ရှင်သန်လွတ်မြောက်သူ  အမျိုးသမီးနှင့် အခြား ရွာသားများကို ခေါ်လိုက်သည်။ မနက် ၁၀ နာရီခန့်တွင် သူတို့က ရွာထဲတွင် စစ်သားများ စခန်းချထားသော နေရာသို့ သွားပြီး စစ်ကြောင်းမှူးဖြစ်သူ နှင့် တွေ့ကြသည်။ စစ်ကြောင်းမှူးက သူ၏ စစ်သားများအားလုံးကို တန်းစီခိုင်းလိုက်ပြီး ရှင်သန်လွတ်မြောက်သူ အား ကျူးလွန်သူကို ရွေးထုတ်ခိုင်းသည်။ ဖြစ်စဉ်ဖြစ်ပွားစဉ်က ဝတ်ထားသော ဆွယ်တာကို လဲထားသော်လည်း ရှင်သန်လွတ်မြောက်သူ က ကျူးလွန်သူကို မှတ်မိခဲ့သည်။ စစ်ကြောင်းမှူးက "ငါတို့ အရေးယူမယ်" ဟုပြောပြီး ကျူးလွန်သူကို သစ်ပင်တစ်ခုတွင် ချည်ထားလိုက်သည်။

ထို့နောက်တွင် ရွာသားများပြန်သွားကြသည်။ မနက် ၁၁ နာရီခန့်တွင် တပ်မှူးနှင့် စစ်သားနှစ်ဦးမှာ ရှင်သန်လွတ်မြောက်သူ ၏ မောင်ဖြစ်သူ အိမ်သို့ သွားခဲ့သည်။ စစ်ကြောင်းမှူးက ဒူးထောက်ပြီး သုံးကြိမ်တောင်းပန်ခဲ့ကာ ရှင်သန်လွတ်မြောက်သူ အား ဆေးကုခ အဖြစ် မြန်မာငွေ ကျပ် ၁၀၀,၀၀၀ ပေးခဲ့သည်။ သူမမှာ ခေါင်းကို လက်သီးဖြင့် ထိုးခံရသဖြင့်

နားမကြားတော့ပဲ လည်ပင်းညှစ်ခံထားရသဖြင့် အစာမြို ရာတွင် အခက်အခဲ တွေ့ ရသည်။ ထို့နောက် စစ်ကြောင်းမှူးနှင့် သူ့လူများ ရွာအတွင်း စခန်းချရာနေရာသို့ ပြန်သွားခဲ့သည်။

ထိုအချိန်တွင် ရှင်သန်လွတ်မြောက်သူ ၏ မောင်ဖြစ်သူမှာ ဒေသခံ အမျိုးသမီးခေါင်းဆောင်များထံ သွားပြီး ဖြစ်စဉ်ကို ပြောပြသည်။ ထိုနေ့ ညနေ ၃ နာရီခန့်တွင် အမျိုးသမီး ယဉ်ကျေးမှု အဖွဲ့ နှင့် အခြား လူထု အခြေပြုအဖွဲ့ များမှ အမျိုးသမီးခေါင်းဆောင်များ အတူတကွ ရွာလူကြီးထံ သွားရောက်ပြီး အဖြစ်အပျက်နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ထိုအချိန်တွင် ကျူးလွန်သော စစ်သားကို သစ်ပင်တွင် ချည်ထားသည်ကို ရွာသားများမတွေ့ တော့ပါ။ စစ်ကြောင်းမှူးက ကျူးလွန်သူ၏ အမည်မှာ ဘွဲ့တင်ခိုင် ဖြစ်ပြီး သူက ချင်းပြည်နယ် ထန်တလန်မှ ပြန်လာကာစပင်ရှိသေးကြောင်းပြောသည်။

ညနေပိုင်း ၅ နာရီခန့်တွင် ရွာသားအချို့ နှင့် အမျိုးသမီး အဖွဲ့ အစည်းများမှ အဖွဲ့ ဝင်များသည် ရှင်သန်လွတ်မြောက်သူ ၏ အိမ်သို့ သွားရောက်ပြီး ဖြစ်စဉ်နှင့် ပတ်သက်သည့် ဓါတ်ပုံများကို ရယူသည်။ သူတို့ ထိုနေရာတွင်ရှိနေစဉ် စစ်သားများ စခန်းချသော နေရာဘက်မှ သေနတ်သံ သုံးချက်ကြားရသည်။ ထို့ကြောင့် သူတို့ အိမ်သို့ အမြန်ပြန်ခဲ့ကြသည်။ နောက်ပိုင်းတွင်မှ ထိုသေနတ်သံများမှာ ပြစ်မှုကျူးလွန်သူက သူ့တပ်မှ အခြား စစ်သား သုံးဦးကို ပစ်သတ်ပြီး သေနတ်နှင့် အတူ ထွက်ပြေးသွားခြင်း ဖြစ်ကြောင်း သိရသည်။

နောက်နေ့ ဧပြီ ၁၃ နံနက်တွင် ရွာလူကြီးနှင့် အခြားသော စစ်သားများက သေဆုံးသွားသော စစ်သားသုံးဦးကို သင်္ဂြိုလ်ခဲ့သည်။

ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းတွင် တပ်ဖွဲ့ သည် ဟူနောင်ရွာမှ ထွက်ပြီး နမ့်ဂွတ်သို့ ပြန်သွားခဲ့သည်။ ထိုနေ့ ညနေတွင် စစ်သားများက ပြစ်မှုကျူးလွန်သူ စစ်သားအား နမ့်ဂွတ်ရွာအနီး တောထဲတွင် တွေ့ ရှိပြီး ပစ်သတ်လိုက်သည်။ စစ်ကြောင်းမှူးက ရွာသားများအား သေဆုံးသွားသော အလောင်းကို မြေမြှုပ်ရန် အမိန့်ပေးခဲ့သည်။

ဧပြီ ၁၄ ရက်တွင် စစ်ကြောင်းမှူးက ရွာလူကြီးထံ ဖုန်းဆက်၍ သူ့ကို နံနက် ၁၁ နာရီ တွင်လာတွေ့ ခိုင်းသည်။ စစ်သားများက ဟူနောင်ရွာသို့ နောက်တကြိမ်ပြန်လာခဲ့ပြီး ဤအမှုနှင့် ပတ်သက်၍ နောက်ထပ် လျော်ကြေးအဖြစ် ကျပ် ၅၀၀,၀၀၀ ပေးသည်။ ထို့နောက် သူတို့က နမ့်ဂွတ်ရွာသို့ ပြန်သွားခဲ့ကြသည်။

ဧပြီလ ၂၀ ရက်နေ့တွင် မြန်မာစစ်တပ် အရာရှိတယောက်က ရှင်သန်လွတ်မြောက်သူ ၊ ရွာလူကြီးနှင့် မျက်မြင်သက်သေများကို ကွတ်ခိုင်ရှိ ခလရ ၄၅ စစ်စခန်းသို့ ခေါ်၍ မနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အမှုနှင့် ပတ်သက်၍ စစ်ဆေး မေးမြန်းခဲ့သည်။ ထို့နောက် ထိုသတင်းအချက်အလက်များကို တိုင်းအဆင့်သို့ ပို့ပေးမည်ဖြစ်ကြောင်း သူတို့အား ပြောခဲ့သည်။

## Contact

Email: kwat.office@gmail.com

Website: kachinwomen.com

Facebook: Kachin Women's Association Thailand - KWAT

Mobile: +66(0) 89 755 9892